www.burmeseclassic.com

# တစ္ဆေတစ်ပိုင်း လူတစ်ပိုင်း

နှင့်

# သင်္ချိုင်းသို့ သုံးခေါက်

(ဆန်းကြယ်ထူးခြား ဖြစ်ရပ်မှန် ကိုယ်တွေ့ဇာတ်လမ်းများ)

နေတာဟိဏ်းဇော်

www.burmeseclassic.com

ww.burmeseclassic.com

# တစ္ဆေတစ်ပိုင်း လူတစ်ပိုင်း

နှင့်

# သချိုင်းသို့ သုံးခေါက်

( ဆန်းကြယ်ထူးခြား ဖြစ်ရပ်မှန် ကိုယ်တွေ့ဇာတ်လမ်းများ )

ဓနုတ်ဟိကျားဖော်

www.burmeseclassic.com

www.burmeseclassic.com



"ကိုဟိဏ်းဇော် ခင်ဗျား ဘယ်လိုဖြစ်သွားတာတုန်းဗျ၊ ကျွန်တော်တို့ကို ဘာမပြော ညာမပြောနဲ့ တစ်ယောက်တည်း ထွက်လာရသလား"

အံ့ဩဟန်ဖြင့် ကိုမြင့်ဟိဏ်းက မေးလာခြင်းဖြစ်သည်။ ရုတ်တရက် ကျွန်ုပ်တွင် မည်သည့်အဖြေမျှ မပေးနိုင်ဘဲ ၎င်းတို့နှစ်ယောက်ကိုသာ ထူးထူးဆန်းဆန်း ငေးကြည့်လျက်ရှိ၏။ ဆက်လက်၍ ကိုမြင့်ဟိဏ်းက အံ့ဩဟန်ဖြင့်

"ကိုဟိဏ်းဇော် ခင်ဗျား ဘယ်လိုဖြစ်နေတာလဲဗျ၊ ကျွန်တော်တို့ မေးတာကိုလည်း ဖြေပါဦး၊ ပြီးတော့လည်း ကျွန်တော်တို့ကို မမြင်ဖူးတဲ့အတိုင်း ထူးထူးဆန်းဆန်းကြည့်နေလိုက်တာ"

ဒီတော့မှ ကျွန်ုပ်ကိုယ်ကျွန်ုပ် သတိထားမိသွား၏။ ကျွန်ုပ်စိတ်တွေ လျှပ်တစ်ပြတ်အတွင်း ဘယ်လိုများ ဖြစ်သွားပါလိမ့်၊ နောက်ကိုရှုပ်ထွေးလျက် အုံ့ခဲခဲကြီးဖြစ်နေသလို တစ်နေရာရာသို့လည်း သွားချင်စိတ် ဖြစ်ပေါ်နေမိ၏။

"ဟို . . . ဘာမှမဖြစ်ပါဘူးဗျ၊ ကျွန်တော် တစ်နေရာရာကို သွားချင်စိတ်ဖြစ်နေတာနဲ့ စိတ်ကူးပြီး ထွက်လာမိတာ"

"မသိပါဘူးဗျာ၊ ထမင်းစားပြီး ဘာမပြော ညာမပြောနဲ့ ကိုဟိဏ်းဇော် ထွက်သွားတော့ ကျွန်တော်တို့နှစ်ယောက် အံ့ဩပြီး လိုက်လာမိတာ"

ကိုဟန်မြင့်က ကျွန်ုပ်အား ခြေဆုံးခေါင်းဆုံး သိမ်းကြည့်ရင်း ဝင်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့နှစ်ယောက် ကျွန်တော်နဲ့ လိုက်ခဲ့ကြပါဗျာ"

ရုတ်တရက် ကျွန်ုပ်စကားကြောင့် သူတို့နှစ်ယောက် နားမလည်ဟန်ဖြင့် အံ့ဩသွားပြန်သည်။

"ခင်ဗျား ဘယ်သွားချင်လို့လဲ"

မိတ်ဆွေ ကိုမြင့်ဟိန်းအမေးကို ချက်ချင်း ကျွန်ုပ်မဖြေသေးဘဲ စဉ်းစားဟန်ပြု၏။ ပြီးမှ

"ရွာအနောက်မှ သုသာန်ကို သွားကြည့်ချင်လို့ပါ"

"ဗျာ.. ဘယ်လို ရွာအနောက်က သုသာန်ကို သွားကြည့်ချင်လို့ ဟုတ်လား"

ကျွန်ုပ်စကားအဆုံး ကိုဟန်မြင့်က တအံ့တဩမေးလေ၏။ ကျွန်ုပ် ခေါင်းညိတ်အဖြေပေးလိုက်သောအခါ ကိုဟန်မြင့်ကပဲ မျက်မှောင်ကြုတ်လျက် ဆက်မေးလာသည်။

"ကိုဟိဏ်းဇော် ခင်ဗျား ဘာသွားကြည့်ချင်တာလဲ၊ ခင်ဗျာ တစ်ညနေလုံး ထူးထူးဆန်းဆန်းတွေချည်းပဲဗျာ"

အမှန်တကယ် ဒီတစ်ညနေလုံး ကျွန်ုပ်ကိုယ်ကျွန်ုပ်လည်း ဘာမှန်းမသိအောင်ပင် အံ့ဩစရာကောင်းလောက်အောင် ပြောင်းလဲနေမှန်းမသိအောင်ပင် ပြောင်းလဲနေမှန်းသိရ၏။ သို့ရာတွင် ကျွန်ုပ်အဖြေ အမှန်ဆုံးပေးနိုင်သည်က ရွာအနောက်က သုသာန်ဆီသို့ သွားချင်စိတ် ပေါ်နေခြင်း ဖြစ်သည်။

"ကြည့်ဖို့ပြောတာ စကားအဖြစ်ပါဗျာ၊ ဟိုရောက်ရင် ခင်ဗျားတို့ အကောင်အထည်သိလိမ့်မယ်"

www.burmeseclassic.com

ww.burmeseclassic.com



ကျွန်ုပ်အဖြေကြောင့် ၎င်းတို့နှစ်ယောက်သား ပို၍ပင် အံ့သြသွားကြပြန်ချေ၏။

"ဒါဆိုလည်း ခင်ဗျားဆန္ဒအတိုင်း လိုက်ခဲ့ကြတာပေါ့ဗျာ"

ကိုမြင့်ဟိဏ်း၏ စကားအဆုံးမှာ သုံးယောက်သား ရွာအနောက်ဘက် သုသာန်ဆီသို့ ထွက်ခဲ့ကြလေတော့၏။

"ကဲ ကိုဟိဏ်းဇော်၊ ခင်ဗျား အကောင်အထည်သိရမယ်လို့ ပြောတာ ဘာတွေလဲ၊ ကျွန်တော်တို့ သိချင်လှပြီ"

ရွာအနောက်သုသာန်ဆီသို့ ရောက်ပြီး မိနစ်ပိုင်းအတန်ကြာသည်အထိ ကျွန်ုပ်ဘက်မှ ကျွန်ုပ်ခုနက ပြောထားသည့် စကားအတိုင်း အကောင်အထည် သိရလိမ့်မယ်ဆိုသောကိစ္စ ဘာမှတစ်စုံတစ်ရာ မထူးဆန်းသေးသဖြင့် ကိုဟန်မြင့်မှ စိတ်မရှည်ဘဲ မေးလာလေသည်။

"တခြားတော့ မဟုတ်ပါဘူးဗျာ၊ ဒီသုသာန်က အုတ်ဂူတွေပေါ်မှာထိုင်ပြီး ကဗျာစပ်ကြည့်ရင် ကောင်းမလားလို့"

" ဟာ သေလိုက်ပါတော့ ကိုဟိဏ်းဇော်ရယ်၊ အစောကြီးကတည်းက ဒီကိစ္စပါလို့ဆိုလည်း ပြီးတာပဲ။ အခုတော့ ကျွန်တော်တို့နှစ်ယောက် စိုးရိမ်အံ့သြစရာဖြစ်အောင် ပဟေဠိတွေ ဝှက်ရသလားဗျ"

ကိုမြင့်ဟိဏ်းက မကျေမနပ်ဖြင့် ပြောလာခြင်းဖြစ်၏။ ကိုဟန်မြင့်မှာလည်း ကျွန်ုပ်အဖြေကြောင့် စိတ်ညစ်သွားဟန်ခေါင်းတဗျင်းဗျင်း ကုတ်လျက်ရှိလေ၏။

ထို့နောက် ကျွန်ုပ်တို့ သုံးယောက်သား ယှဉ်လျက်ရှိသော အုတ်ဂူနှစ်လုံးပေါ်တွင် ဖိုခနောက်ထိုင်ကြကာ စိတ်ပိုင်းဆိုင်ရာတို့၏

www.burmeseclassic.com

ww.burmeseclassic.com



မိနစ်ပိုင်းအတွင်း စက္ကန့်ပိုင်းအတွင်း ပြောင်းလဲမြန်ဆန်တတ်ပုံ၊ ထူးဆန်း အံ့ဩစရာကောင်းလောက်အောင် အတက်အကျ အနိမ့်အမြင့် စီးဆင်းလည်ပတ်ပုံတို့ကို မိမိတို့ အသီးသီး သိရှိထားသော ရှုထောင့်ဖြင့် အမျိုးမျိုး အမြင်အမျိုးမျိုးမှ ဆွေးနွေးဖြစ်ကြလေ၏။

သို့ဖြင့် ကျွန်ုပ်တို့ သုံးယောက်သား မည်မျှအထိ ဆွေးနွေး ဖြစ်ကြလေသည်မသိချေ။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် မှောင်ရိပ်သန်း၍ ရွာခြေသို့ သဲသဲကွဲကွဲ လှမ်းမမြင်ရတော့မှ စကားစများ ဖြတ်ကာ ပြန်ဖြစ်ခဲ့ကြလေ၏။

ဒုတိယမြောက်အကြိမ်တွင် သုံးရက်ခြားပြီး မိတ်ဆွေ ကိုမြင့်ဟိဏ်းနှင့် ကိုဟန်မြင့်တို့ နေထိုင်ရာ ရွှေစက်မြေရွာလေးရှိ ရွာအနောက်သုသာန်သို့ ရောက်ဖြစ်ပြီး ပထမအကြိမ်ကဲ့သို့ပင် ဆွေးနွေးဖြစ်ကြ၏။

နောက်ထပ်နှစ်ရက်ခြားပြီး တတိယမြောက် ရွာအနောက်ဘက် သုသာန်သို့ ရောက်ရှိသွားသောနေ့မှာတော့ ယခင် ပထမ၊ ဒုတိယ အခေါက်တွေကလို ကျွန်ုပ်နေထိုင်ရာ ခနတ်ရွာဘက်ကမ်းခြေသို့ ထုံးစံအတိုင်း မပြန်ဖြစ်တော့ဘဲ မိတ်ဆွေ ကိုမြင့်ဟိဏ်းအိမ်မှာပင် သုံးယောက်သား စုဝေးလျက် အိပ်ဖြစ်ကြလေသည်။

မအိပ်ခင် ည ၇ နာရီကျော်ကျော်တွင် ကိုမြင်ဟိဏ်းအိမ်မှာပင် ကဗျာစုရေးကြသည်။ ထိုညမှာတော့ ထူးထူးခြားခြား မိမိတို့ သုံးယောက်စလုံး တဝါးဝါးသန်းဝေလျက် စာရေးရင်းရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ည ၁၁ နာရီခန့်မှာတော့ စာရေးခြင်းကို ဖြတ်ကာ အိပ်စက်ကြရန့်အတွက် ဆုံးဖြတ်လိုက်ကြတော့သည်။

ယခင်ရက်ညတွေကတော့ ထိုကဲ့သို့မဟုတ်။ ညဥ့်နက်လွန်အထိ စာရေးဖြစ်ကြတာများသည်။ တစ်ခါတစ်ရံ မီးလင်း၍ လင်းမှန်းပင် မသိလိုက်ဘဲ မိုးလင်းပေါက်ရေးဖြစ်ကြသည်။

(မှတ်ချက် ။ ။ ထိုညတွေမှာ ကျွန်ုပ်အိမ်တွင် ညစဉ် စာစုရေးကြခြင်း ဖြစ်၏။)

အားလုံးအသီးသီး အိပ်ရာကိုယ်စီဝင်သွားကြချိန်၌ ကျွန်ုပ်တစ်ယောက်တည်းသာ အိပ်ရာမဝင်သေးဘဲ (၄၅)ရက် အဓိဋ္ဌာန်ပုတီး ဝင်ထားသဖြင့် ဘုရားဝတ်ပြု ဆုတောင်းမေတ္တာပို့သပြီး ပုတီးကိုးပတ် စိပ်နေလေ၏။

သို့ဖြင့် သုံးပတ်မြောက်ရောက်ခါနီးအချိန်တွင် ကျွန်ုပ်၏ ဘယ်ဘက်ပခုံးသို့ တစ်စုံတစ်ယောက်ဝင်တိုင်သဖြင့် လက်ထဲမှ ပုတီးလုံး လွတ်ကျသွားရသည်။

"ဖောက်"

"ဖွမ်း"

"ဂျလောက် ဂျလောက်. ဂျလောက်"

ကျွန်ုပ်အသိတွင် ရုတ်တရက် တင်းခနဲဖြစ်လျက် ခန္ဓာကိုယ် သွေးကြောတစ်လျှောက်လုံး ပြောင်းပြန် လှည့်ပတ်သွားသည့်ပမာထင်ရ သလို ကျွန်ုပ်နောက်ပါးမှ တစ်စုံတစ်ရာကို လှည့်ကြည့်လိုက်သောအခါ မိတ်ဆွေ ကိုမြင့်ဟိဏ်းအား မမျှော်လင့်ဘဲ အံ့ဩစွာ တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ ကိုဟိဏ်းဇော်၊ ကျွန်တော် ခြေထောက်ခေါက်ပြီး လဲမလိုဖြစ်သွားတာ ခင်ဗျား ပန်းစွန်းကို ဝင်တိုက်မိသွားတယ်"

သင်ဖြူးဖျာချပ်ပေါ်သို့ လွင့်ကျသွားသော ကြိုးပြတ်ပြီး ဖွာလန်ကျဲနေသော ပုတီးကုံးအပြတ်လေးကို စိတ်မကောင်းစွာ ကြည့်လျက် ကိုမြင့်ဟိဏ်းမှ ကျွန်ုပ်အား တောင်းပန်လေသည်။

ပြောရလျှင် ကျွန်ုပ်ဘဝသက်တမ်းတစ်လျှောက်တွင် ၎င်းညတွင် ထူးဆန်းမှု အရှိဆုံးညဟုဆိုလျှင် ရနိုင်သလို သွေးပျက်စရာကောင်းလောက်အောင် ကြုံရသောညဟု ဆိုလျှင်လည်း ရနိုင်ပါသည်။

"ရပါတယ်ဗျာ တိုက်ဆိုင်လို့ဖြစ်တာပဲ၊ စိတ်ထဲမထားပါနဲ့၊ ဒါပေမဲ့ ကျွန်တော့်စိတ်တွေ တစ်ခုခုပြောင်းလဲသွားသလို ခံစားရတယ်။ ပြီးတော့လည်း တစ်ခုခုကို ကြိုတင်နိမိတ်ဖတ်သလား မဆိုနိုင်ဘူး၊ ကျွန်တော် တစ်စုံတစ်ရာကို စိုးရိမ်သွားမိသလိုပဲ"

ကျွန်ုပ်က ကိုယ့်ကိုယ်ကို ပြန်သုံးသပ်ရင်း လေသံရှေ့နောက် မပီသဖြစ်သွားတာ သတိထားမိလိုက်သည်။

"ကျွန်တော် အပေါ့်ထသွားတာပါ၊ ခင်ဗျားကို မတွေ့လို့တော့ မဟုတ်ဘူး၊ ခင်ဗျား ပုတီးအလုပ်ကို အနှောင့်အယှက်ဖြစ်မှာ စိုးတာနဲ့ ခြေဖော့ပြီး နင်းလာတာ၊ အနားနားရောက်မှ ခြေထောက်ခေါက်သွားရတယ်"

ကိုမြင့်ဟိဏ်းက စိတ်မကောင်းစွာ ရှင်းပြ၏။ ပြီးတော့ ၎င်းကိုယ်၎င်းလည်း ပေါ့လျော့ညံ့ဖျင်းကြောင်း အကြိမ်ကြိမ် အပြစ်တင်လေသည်။ ကျွန်ုပ်က တိုက်ဆိုင်၍ ဖြစ်ရကြောင်း အထပ်ထပ် နားလည်အောင်ပြောမှပင် ၎င်းစိတ်သက်သာရာ ရသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်ုပ်စိတ်ထဲတွင် ၄င်းကိစ္စအား စိတ်ထဲမထားဘဲ တိုက်ဆိုင်သော တိုက်ဆိုင်မှုတစ်ခုသာဖြစ်ပါစေဟု ဆုတောင်းရင်း အိပ်ရာဝင်ခဲ့လေတော့၏။

ညဥ့်အလွန် နာရီပြန်တစ်ချက်တီး အချိန်ဖြစ်သည်။

"ဒေါက် . . . ဒေါက် . . . ဒေါက်"

"မောင်ဟိဏ်းဇော် . . . မောင်ဟိဏ်းဇော်"

"ဒေါက် . . ဒေါက်"

"ဟော့ . . မောင်ဟိဏ်းဇော်၊ မောင်ဟိဏ်းဇော်"

အိမ်အပြင်မှ တံခါးခေါက်ပြီး အဆက်မပြတ် ခေါ်နေသဖြင့် ကျွန်ုပ်အိပ်ရာမှ လန့်နိုးသွား၏။ ကျွန်ုပ်ကဲ့သို့ပင် မိတ်ဆွေ ကိုမြင့်ဟိဏ်း၊ ကိုဟာန်မြင့်နှင့် အိမ်သားအားလုံး နိုးလာကြတော့၏။

"အိမ်အပြင်က ကိုဟိဏ်းဇော်ကို ခေါ်နေတာ ဘယ်သူလဲ မသိဘူး"

ကိုမြင့်ဟိဏ်းမှ အိပ်မှုန်စုံမွှားပြောလျက် တံခါးခေါက်ဆီသို့ ထသွားလိုက်လေ၏။ ပြီးလျှင် အတွင်းမှတံခါးချက်ကို ဖွင့်ပေးလိုက်သည့် အခါ ကျွန်ုပ်နှင့် အိမ်နီးချင်း ဦးအေးကြိုင်နှင့် ဦးကုလားတို့ ဖြစ်နေကြ၏။

ညကြီးအချိန်မတော် ၄င်းတို့ရောက်လာကြသည့်အတွက် ရုတ်တရက်တော့ ကျွန်ုပ် အံ့ဩသွား၏။ ပြောရလျှင်ကား ၄င်းတို့သည် ဒီရွှေစက်မြေရွာလေးသို့ နီးလျက်နှင့် အရောက်အပေါက်နည်းသူများ ဖြစ်သောကြောင့်ပင်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဟိဏ်းဇော် ရှိတယ်၊ မဟုတ်လား"

တံခါးဝတွင် ရပ်လျက် ဦးအေးကြိုင်မှ မေးလာလေသည်။

"ရှိတယ် ဦး၊ အိမ်ပေါ်တက်ပါဦး၊ ညကြီးအချိန်မတော် ဘာကိစ္စများရှိလို့လဲ"

"မောင်ဟိဏ်းဇော်ကို ခဏခေါ်ပေးပါ"

----ဆိုရပါမည်လော။ သို့တည်းမဟုတ် ကြိုတင်ရှေ့ပြေးနိမိတ်ပုံလားဟု ကျွန်ုပ်ကိုယ် ကျွန်ုပ် ဝေခွဲပိုင်းခြားမရအောင် ရှိနေပါတော့သတည်း။

ကိုမြင့်ဟိဏ်းနှင့် ဦးအေးကြိုင်တို့ အပြန်အလှန် စကားအဆုံးတွင် ကျွန်ုပ် ၎င်းတို့အပါးသို့ ရောက်ရှိသွား၏။

"ညကြီး အချိန်မတော်၊ ဘာအရေးတကြီး ဖြစ်လာလို့လဲ ဦးအေးကြိုင်"

ကျွန်ုပ်က စိုးရိမ်စွာ မေးလိုက်ခြင်းဖြစ်သည်။

"ဟို . . . ဟို . . ."

ဦးအေးကြိုင်က စကားထစ်ငေါ့ဖြစ်ကာ ဦးကုလားထံသို့ ကြည့်လိုက်၏။ ဦးအေးကြိုင်နှင့် ဦးကုလားတို့ မျက်နှာပေါ်တွင်လည်း ချွေးသီးချွေးပေါက်များကျလျက် အလွန်စိတ်လှုပ်ရှားနေပုံ ရှိကြ၏။

"ဦးတို့ ဘာအရေးတကြီးဖြစ်လာသလဲ၊ မြန်မြန်ပြောကြပါ"

ကျွန်ုပ်က ပို၍ စိုးရိမ်စွာ မေးလိုက်ပြန်၏။

"ဟို . . . ဟို . . . မောင်ဟိဏ်းဇော်အဖေ ဆုံးသွားလို့"

"ဗျာ"

www.burmeseclassic.com

ww.burmeseclassic.com



ဦးအေးကြိုင်၏ စကားအဆုံးတွင် ကျွန်ုပ်ခန္ဓာကိုယ်တစ်ခုလုံး လေထဲသို့ မြောက်တက်သွားသလို ထင်ရကာ အံ့ဩမယုံကြည်လောက် အောင်လည်း ဖြစ်သွားရ၏။

"ဟာ မဖြစ်နိုင်တာဗျာ၊ ကျွန်တော်ညနေက ဒီကိုလာတော့ အဖေ ကျန်းကျန်းမာမာကြီး ရှိနေတာ"

ကယောင်ကတမ်းဖြင့် ကျွန်ုပ်သည် တအံ့တဩရှိနေဆဲ။ ကျွန်ုပ် ရွာမှထွက်လာသော အချိန်တွင် ကျွန်ုပ်အထက်မှာ ဆိုခဲ့သည့် အတိုင်း အဖေသည် ကျန်းကျန်းမာမာနှင့် ရှိရုံမက လမ်းမှာ အဖေနှင့် ဆုံ၍ စကားတောင် ရပ်ပြောခဲ့သေးသည်။ ယခု ဘယ်လိုက ဘယ်လို ကျွန်ုပ် လုံးဝမယုံကြည်နိုင်တော့ပါ။

"ဟုတ်ပါတယ်၊ မောင်ဟိက်ာဗော်ရဲ့အဖေ တစ်နေ့လုံး အကောင်းပကတိကြီးပါ။ ဒါပေမဲ့ ည ၁၂ နာရီလောက်မှာ ရုတ်တရက် ဦးနှောက်ကြောပြတ်ပြီး ဆုံးသွားခဲ့တာ"

"အလို ဘုရား ဘုရား"

ကျွန်ုပ် အသိအာရုံများ ဖြာဝေလျက် ကပြောင်းကပြန် ဖြစ်မိတော့သည်။

အဖေ့တွင် နဂိုက သွေးတိုး နှလုံးရောဂါအခံ ရှိနေပါသည်။ သို့သော် ရုတ်တရက်ကြီးဆိုတော့ မည်သူမျှ မယုံကြည်နိုင်သည့် ကိစ္စမျိုး မဟုတ်ပါ။ အခုတော့ . . .

ချက်ချင်းဆိုသလို ကျွန်ုပ်အသိ အာရုံရိပ်ထဲသို့ ရုပ်ရှင်အခွေ ပြကွက်တစ်ခုအား ပြန်ကြည့်နေရသလို တစ်ခုချင်း တစ်ခုချင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်လှာချင်း တစ်လှာချင်း မြင်ကွင်းတို့က တဖျတ်ဖျတ်

ထိုအရာတို့အား ကျွန်ုပ်သည် ပြီးခဲ့သော ရက်ပိုင်းအတွင်းက ရွှေစက်ခြေရွာရှိ ရွာအနောက်ဘက် သုသာန်သို့ အလွန်သွားချင်စိတ် ဖြစ်ပေါ်နေမှုများ၊ စိတ်လေးလံပြီး တစ်စုံတစ်ရာအတွက် ကြိုတင် စိုးရိမ်ကြောင့်ကြနေခြင်းများ၊ ပြီးတော့ ရွာအနောက်ဘက်သုသာန်သို့ သုံးကြိမ်တိတိ မိတ်ဆွေ ကိုမြင့်ဟိန်း၊ ကိုဟန်မြင့်တို့နှင့်အတူ ရောက်ရှိ သွားပုံ၊ သုသာန်သို့ သုံးကြိမ်မြောက်ရောက်ရှိပြီး သုံးကြိမ်မြောက်သော ညမှာပင် အမိဂှာန်ပုတီး လက်မှလွတ်ကျသွားပုံတို့ကို ပြန်မြင်ယောင် စဉ်စားနေမိခြင်း ဖြစ်၏။

ထိုအရာတို့သည် ထူးခြားဆန်းကြယ်သော တိုက်ဆိုင်မှု တစ်ရပ်ဟု ဆိုရပါမည်လား။ သို့တည်းမဟုတ် ကြိုတင်ရှေ့ပြေးနိမိတ်ပုံ လားဟု ကျွန်ုပ်ကိုယ်ကျွန်ုပ် ဝေခွဲပိုင်းခြားမရအောင်ရှိ နေပါတော့ သတည်း။

ဝန်ခံချက် ။ ။ စာရေးသူတို့မိသားစု ဖြစ်ရပ်မှန်ကို ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။

မှတ်ချက် ။ ။ (စာရေးသူ၏ မိသားစုဖြစ်ရပ်မှန်)

နေဗိုလ်ဟိန်းဇော်

www.burmeseclassic.com

ww.burmeseclassic.com

# သံကွင်းစွပ်မင်းသား (သို့) မြေမင်းသား

ကိုလိုနီနယ်ချဲ့အစိုးရကို မြန်မာတစ်မျိုးသားလုံး ရရာလက်နက်ဆွဲကိုင်ပြီး တော်လှန်နေသော အချိန်ကာလ။

တိုက်နယ်ရွာတစ်ရွာ၏ အခြေစိုက်စခန်းတစ်ခုရှေ့တွင် ရာဇဝတ်အုပ်မင်းရာဂျာအဖွဲ့နှင့် စကားပြန်မောင်ကြီးသည် တော်လှန်ရေးရဲဘော်တစ်ဦးအား သစ်ပင်၌ ကြိုးချည်၍ ရွာသူရွာသားတို့ရှေ့၌ နှိပ်စက်မေးမြန်းနေ၏။

ထိုအချိန်မှ တစ်ကိုယ်တော်လူစွမ်းကောင်းသံကွင်းစွပ်အောင်ဒင်သည် မြင်းညိုကြီးကို ဒုန်းစိုင်းစီး၍ ထိုနေရာသို့ရောက်လာလေရာ ရာဇဝတ်အုပ်မင်းရာဂျာနှင့်အဖွဲ့မှာ အံ့သြပြီး ကစဥ့်ကလျားဖြစ်နေစဉ် သံကွင်းစွပ်အောင်ဒင်က အားလုံးကိုအလစ်အငိုက်ဝင်တိုက်ခိုက်ပြီး တော်လှန်ရေးခေါင်ဆောင်အား မြင်းနှင့်ကယ်တင်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ရာဇဝတ်အုပ်မင်းရာဂျာနှင့်အဖွဲ့ လိုက်လံပစ်ခတ်သော်လည်း မျက်နှာဖုံးစွပ်ပြီး ကိုယ်ပျောက်၍ လျင်မြန်ဖျပ်လတ်သော အောင်ဒင်ကို မဖမ်းနိုင်ဘဲ အောင်ဒင်က "သံကွင်းစွပ် အောင်ဒင်တဲ့ကွ သတ္တိရှိတဲ့ကောင်လိုက်ခဲ့ကြ" ဟူ၍ ကြွေးကြော်ကာ လွတ်မြောက်သွားတော့သည်။ ထိုအခါ ရွာသူရွာသားတို့သည် လူစွမ်းကောင်းအောင်ဒင်ကို ချီးကျူးထောပနာပြုကြတော့သည်။

ထို့နောက် အောင်ဒင်သည် တောတွင်းတစ်နေရာရောက်သည့်အခါ အသက်ဘေးမှ ကယ်တင်လာသော တော်လှန်ရေးခေါင်းဆောင်ကို နှုတ်ဆက်၍ ခရီးဆက်လေ၏။

ရွာတစ်ရွာသို့ရောက်သော် ချစ်တီးကုလားတစ်ဦးသည် တပည့်များနှင့် အိမ်တစ်အိမ်၌ နွားများနှင့်ခြံဝိုင်းကို အကြွေးနှင့်သိမ်းနေခြင်းအား မြင်တွေ့ရသဖြင့် အောင်ဒင်သည် ဝင်ရောက်တားမြစ်၍ ချစ်တီးကုလားနှင့်အဖွဲ့ကို ဆုံးမလိုက်ရာ တစ်ကိုယ်တော်လူစွမ်းကောင်း သံကွင်းစွပ်အောင်ဒင်မှန်း သိရှိသွားပြီး ကြောက်ဒူးတုန်ကာ ထိုင်ရှိခိုးတောင်းပန်၏။ အောင်ဒင်က အကြွေးစာချုပ်များကို ချစ်တီးကုလားဆီမှသိမ်းယူ၍ မီးရှို့ဖျက်ဆီးပစ်လိုက်၏။ ပြီးနောက် ပါသမျှငွေကို ယူထားကာ ကြိမ်းမောင်း၍ ချစ်တီးကုလားနှင့် တပည့်များကို ပြန်လွှတ်ပေးလိုက်၏။ အကြွေးသိမ်းခံရသော မိသားစုကို ထိုငွေများတစ်ဝက်ပေး၍ ခရီးဆက်ခဲ့လေသည်။

မြို့ဂိတ်တွင် ပုလိပ်မင်းကြီးသည် ရာဇဝတ်အုပ်မင်းရာဂျာအစီရင်ခံလာသော တစ်ကိုယ်တော်လူစွမ်းကောင်း သံကွင်းစွပ်

www.burmeseclassic.com

www.burmeseclassic.com



အောင်ဒင်၏အကြောင်းကို ကြားသိရသဖြင့် ရာဇဝတ်အုပ်မင်းရာဂျာအား ဆူပူကြိမ်းမောင်းပြီး သံကွင်းစွပ်အောင်ဒင်အား အမြန်ဆုံးဖမ်းမိရေး ဆုငွေထုတ်ရန် အမိန့်ချမှတ်ကာ ပုလိပ်အင်အား ထပ်တိုးမြှင့်ပေးလိုက်လေ၏။

ထိုအခြေအနေကို ကြိုတင်ရိပ်မိသော အောင်ဒင်သည် လမ်းတစ်ဝက်၌ စောင့်၍ ထောင်ချောက်များဆင်ကာ ချုံခိုတိုက်ခိုက်လေရာ မြွေသံကွင်းစွပ်(လက်စွပ်)၏အစွမ်းကြောင့် လူမမြင်ရသော အောင်ဒင်အား မည်သို့မျှ ခုခံတိုက်ခိုက်၍မရဘဲ ပုလိပ်သားတစ်ချို့ ကျဆုံးကုန်သဖြင့် အောင်ဒင်၏ အကြိမ်ကြိမ်ပညာပေးခြင်းကို ခံရသော ရာဇဝတ်အုပ်မင်းရာဂျာမှာ လွန်စွာမှခံပြင်းနေခဲ့၏။ ထို့ကြောင့် ရာဇဝတ်အုပ်မင်းရာဂျာအဖွဲ့နှင့် စကားပြန်မောင်ကြီးသည် အခြေစိုက်စခန်းပြန်ရောက်သည့်အခါ အောင်ဒင်အား ဆုငွေထုတ်ဖမ်းဆီးသော စာများကို ရွာတိုင်းကပ်ခိုင်းလေရာ တွေ့မြင်ကြသော ရွာသူရွာသားတို့မှာ နှာခေါင်းရှုံ့၍ အများကျိုးပြုသော တစ်ကိုယ်တော်လူစွမ်းကောင်း သံကွင်းစွပ်အောင်ဒင်၏အကြောင်းကို ဂုဏ်တင်ပြောဆိုကာ မိမိတို့အသက်သာ အသေခံသွားမည်ဖြစ်ကြောင်း တီးတိုးပြောကြလေ၏။

သို့ဖြင့် ညအချိန်တွင် အောင်ဒင်သည် လက်စွဲတော် မြင်းညိုကြီးကို စီး၍ ဆုငွေထုတ်ထားသော စာများကိုဖြုတ်ပြီး ထိုနေရာတွင် မြွေအမှတ်တံဆိပ်ပါသော ပေါက်ဓားများ စိုက်၍ ထားခဲ့လေ၏။

နောက်တစ်နေ့ ပုလိပ်သားများ သတင်းပို့သဖြင့် ရာဇဝတ်အုပ်မင်းရာဂျာ သိရှိပြီး အလွန်ဒေါသူပုန်ထလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရွာခံသူကြီး(ဆယ်ရွာအုပ်ချုပ်သော) ဦးသတ္တကို ခေါ်၍ ဆယ်ရက်အတွင်း အောင်ဒင်ကို မဖမ်းပေးနိုင်လျှင် ရွာဆယ်ရွာလုံး မီးရှို့ပစ်မည်ဟူ၍ အမိန့်ထုတ်လိုက်သဖြင့် သူကြီးဦးသတ္တနှင့်တကွ ရွာသူရွာသားများ ကြောက်ရွံ့အထိတ်တလန့်ဖြစ်ကုန်ကြသလို မည်သို့ လုပ်ရမှန်းမသိအောင်လည်း အခက်ကြုံသွားကြ၏။

ထိုအခြေအနေကို ရွာသားတချို့ ရွာအဝင်ထန်းရည် ဆိုင်တစ်ဆိုင်တွင် ပြောဆိုနေခိုက် အောင်ဒင်ကြားသိသွားပြီး ၎င်းကြောင့် ရွာသူကြီးနှင့်တကွ ရွာသူရွာသားများ ဒုက္ခမရောက်စေရဟူ၍ ဆုံးဖြတ်ကာ နေရာမှထွက်ခွာခဲ့သည်။

ထို့နောက် အောင်ဒင်သည် ထန်းရည်မူးနေသော ပုလိပ် များကို အလစ်အငိုက်ဝင်၍ ပါးရိုက်ပြီး ၎င်းတို့အလိုရှိနေသော သံကွင်းစွပ် အောင်ဒင်ဖြစ်ကြောင်း ပြောဆိုလိုက်သဖြင့် ပုလိပ်များ ကြောက်ဒူးတုန် သွားကြ၏။ ရွာသူရွာသားနှင့်သူကြီးကို ဒုက္ခမပေးရန် နောက်နေ့ဆယ်နာရီ အချိန်မှာ အခြေစိုက်စခန်းသို့ ၎င်းကိုယ်တိုင်လာရောက် အဖမ်းခံမည် ဖြစ်ကြောင်း ရာဇဝတ်အုပ်မင်းရာဂျာထံ သတင်းပို့ခိုင်းလိုက်၏။

နောက်တစ်နေ့ ဆယ်နာရီအချိန်ရောက်သောအခါ အခြေစိုက် စခန်းရှိရာသို့ လာရောက်အဖမ်းခံသော မျက်နှာဖုံးစွပ်၍ မြင်းစီးလာသော သူရဲကောင်းအောင်ဒင်ကို ရွာသူရွာသားများ ထွက်ကြည့်ကြသူ စိတ်မကောင်းကြသူ ၎င်းတို့အတွက် အဖမ်းမခံသင့်ကြောင်း ပြောဆိုကြ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်အုပ်မင်းရာဂျာက အသာတကြည်အဖမ်းခံလာသော သံကွင်းစွပ်အောင်ဒင်အား ဖမ်းဆီး၍ မြို့ဂါတ်သို့ပို့ရန် စီစဉ်ပြီးနောက် ဝက်ခြံလှည်းပေါ်တင်ကာ ခေါ်ဆောင်သွားလေတော့သည်။

သို့ဖြင့် တောလမ်းတစ်နေရာအရောက် ရှေ့ဆုံးမှပုလိပ်များ ကျော့ကွင်းထောင်ချောက်၊ ဝါးချွန်ထောင်ချောက်၊ မိုက်ကွန် ထောင်ချောက်များတွင် အလစ်အငိုက်မိသွားကြပြီး အထိနာသွားကြချိန် ဖယိုဖရဲဖြစ်သွားသော ရာဇဝတ်အုပ်မင်းရာဂျာနှင့် ပုလိပ်များကို တစ်ကိုယ်တော်လူစွမ်းကောင်း သံကွင်းစွပ်အောင်ဒင် အစစ်အမှန်က အနောက်မှ မြင်းညိုကြီးစီး၍ ထွက်လာပြီး ဝင်တိုက်ခိုက်ခြင်းကို ခံလိုက် ရသည်။ အောင်ဒင်၏လှည့်ကွက်ထဲတွင် ခံလိုက်ရသော ပုလိပ်အဖွဲ့မှာ ကစဉ့်ကလျားဖြစ်နေစဉ် ဖမ်းဆီးလာသော အောင်ဒင်အတုကို အောင်ဒင်အစစ်မှ ကယ်တင်ပေးနိုင်ခဲ့သော်ငြား အောင်ဒင်အစစ်၏ လက်မောင်းနှင့် ဝမ်းဗိုက်တွင် မမျှော်လင့်ဘဲ သေနတ်ဒဏ်ရာရရှိသွား၏။ ထိုဒဏ်ရာကြောင့် နောက်ကြောင်းဆုတ်၍ အောင်ဒင်အစစ် မြင်းညိုကြီး စီး၍ ရှောင်တိမ်းသွားရာ ပုလိပ်အဖွဲ့ကလည်း ထပ်ကြပ်မကွာလိုက်ပြီး ပစ်ခတ်သည်။ သို့ရာတွင် အောင်ဒင်၏သတင်းကိုကြားပြီး လာရောက် ကယ်တင်သော ဦးဇာမဏီလက်ထောက် အောင်ခင် ဦးဆောင်သော တော်လှန်ရေးအဖွဲ့မှ ကြားဖြတ်ဝင်တိုက်ခိုက်သဖြင့် ပုလိပ်များ အထိနာကာ နောက်ဆုတ်ပြေးကြတော့သည်။

ထိုတွဲသို့ တိုက်ပွဲဖြစ်နေချိန်မှာပင် ဒဏ်ရာရသွားသော အောင်ဒင်သည် မြင်းညိုကြီးပေါ်၌ ပါသွားပြီး ချောင်းရိုးတစ်ခုအဖြစ်တွင် မြင်းပေါ်မှ သတိလစ်ပြုတ်ကျသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်အုပ်မင်းရာဂျာသည် လူစုခွဲထားသဖြင့် တော်လှန်ရေးအဖွဲ့မှ တိုက်ခိုက်ခြင်းလွတ်သွားကာ အောင်ဒင်နောက်သို့သာ ထပ်ကြပ်မကွာလိုက်၍ ရှာဖွေကြသည်။

သို့ဖြင့် မြစ်ဆိပ်တစ်ခုတွင် အဝတ်လျှော်နေသော မြကြာမုံနှင့် အဖော်မိန်းကလေးဝတီတို့သည် တစ်ကိုယ်တော်လူစွမ်းကောင်း အောင်ဒင်၏ဂုဏ်သတင်းကို ချီးကျူးပြောဆိုနေခိုက် ရေထဲတွင် မျောလာသော အောင်ဒင်ကိုတွေ့သွားပြီး ဆယ်တင်ကာ သူမတို့လေးစား၍ တွေ့ဖူးချင်သော အောင်ဒင်ကိုယ်တိုင်ဖြစ်နေကြောင်း မသိသော်လည်း လက်မောင်းနှင့် ဝမ်းဗိုက်မှ သေနတ်ဒဏ်ရာကြောင့် တိုက်ခိုက်ရေးသမားဟူ၍ ယူဆကာ ဖခင်ဖြစ်သူ တော်လှန်ရေးခေါင်းဆောင် ဦးဇာမဏီအား အသိမပေးဘဲ အိမ်ခြံအနောက်ဘက်ရှိ ထင်းရုံထဲ၌ တိတ်တဆိတ်ထားပြီး ဆေးကုသပေးခဲ့၏။

အောင်ဒင် သတိရလာသောအခါ ဆန်ပြုတ်ပန်းကန်ယူလာသော မြကြာမုံတွေ့သဖြင့် အံ့ဩသွားသည်။ မြကြာမုံက မြစ်ဆိပ်ကမ်းမှ ကယ်တင်လာပုံကို ရှင်းပြသည်။ အောင်ဒင်က ၎င်းသည် မည်သူဖြစ်ကြောင်း အမှန်အတိုင်းအသိမပေးဘဲ ကုန်သည်တစ်ဦးအဖြစ်နှင့် ပုလိပ်များ၏နှိပ်စက်မှုကြောင့် ယခုလိုဒဏ်ရာရပြီး မြစ်ထဲမျောလာသည်ဖြစ်ကြောင်းပြော၏။ မြကြာမုံကလည်း အောင်ဒင်စကားကို ယုံကြည်ကာ တစ်ကိုယ်တော်လူစွမ်းကောင်း အောင်ဒင်၏အကြောင်းကို ကြားဖူးပြီး မမြင်ဖူးကြောင်း၊ ၎င်း၏အကြောင်းကို သိလိုကြောင်း တောင်းဆိုသဖြင့် အောင်ဒင်က ဟန်ဆောင်၍

www.burmeseclassic.com



အများအကျိုးစွန့်သူဖြစ်ကြောင်း အနည်းငယ်သာရှင်းပြသည်။ ထိုအချိန်မှာ မြကြာမုံ၏ အဖော်မိန်းကလေးဝတီ အပြေးအလွှား ရောက်လာပြီး ရွာထဲသို့ ပုလိပ်တွေရောက်လာကာ ဒဏ်ရာနှင့် ဒီဘက်သို့ ထွက်ပြေးလာသော လူစွမ်းကောင်းအောင်ဒင်အား လာရှာခြင်း ဖြစ်ကြောင်း၊ လက်ခံထားလျှင် တစ်ရွာလုံးသတ်၍ မီးရှို့ပစ်မည် ဖြစ်ကြောင်း ဖခင်ဖြစ်သူကို ပုလိပ်ခေါင်းဆောင်က ရိုက်နှက်၍ မေးမြန်းနေကြောင်း သတင်းပို့သဖြင့် မြကြာမုံ အောင်ဒင်ကို တအံ့တသြ ကြည့်မိပြီး ဖခင်ဦးဇာမဏိရှိရာသို့ ပြေးသွားမည့်အပြုတွင် အောင်ဒင်က အချိန်မီလှမ်းဆွဲထားပြီး ပါးစပ်ပိတ်ထားလိုက်ရာ ထိုအချိန်မှာ ၎င်းတို့ ရှိနေသောနေရာသို့ ပုလိပ်များ ဝင်ရောက်ရှာဖွေရန် ရောက်လာသဖြင့် အနောက်ပေါက်မှထွက်၍ ပုန်းအောင်လိုက်ကြ၏။ ပုလိပ်များရှာဖွေပြီး မတွေ့သဖြင့် ဒေါသူပုန်ထနေသော ရာဇဝတ်အုပ်မင်းရာဂျာနှင့် စကားပြန်မောင်ကြီးသည် ကျေနပ်မှုမရှိဘဲ မြကြာမုံ၏ဖခင် ဦးဇာမဏိနှင့် အဖော်မိန်းကလေးဝတီကို သေနတ်နှင့်ပစ်သတ်လိုက် ကြ၏။ ပြီးနောက် တစ်ခြံလုံး မီးရှို့လိုက်သဖြင့် ကြေကွဲဖွယ်အနိဋ္ဌာရုံမြင်ကွင်းကြောင့် ရက်ကွဲမတတ်ခံစားနေရသော မြကြာမုံကို အသံမထွက်စေရန် ပါးစပ် ပိတ်၍ ပုလိပ်များနှင့်ဝေးရာသို့ ဆွဲခေါ်ခဲ့လေတော့၏။

ရွာနှင့်ခပ်လှမ်းလှမ်းသို့ ရောက်ရှိသွားမှပင် မီးတောက်မီးလျှံနှင့် မီးခိုးလုံးကြီးများတက်နေသော အနိဋ္ဌာရုံမြင်ကွင်းကို ကြည့်ပြီး မြကြာမုံ ချုံးပွဲချငိုကြွေးလေတော့သည်။ ထိုအခါ အောင်ဒင်က အံကိုကြိတ်၍ သေဆုံးသွားသော သူမ၏ဖခင်နှင့်တကွ ရွာသူရွာသားတို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



လက်စားချေပေးမည်ဖြစ်ကြောင်း ပြောဆိုလိုက်၏။ ထို့နောက် အောင်ဒင်သည် မြကြာမုံကိုခေါ်ဆောင်၍ တောလမ်းခရီးကိုနှင်ခဲ့ကြရာ ဒဏ်ရာမပျောက်ကင်းသေးသော အောင်ဒင်မှာ ခရီးမဆက်နိုင်တော့သဖြင့် ကျောက်လှိုဏ်ကြီးတစ်နေရာတွင် စခန်းချလိုက်ကြသည်။ ညရောက်သည့်အခါ ဒဏ်ရာကြောင့် အောင်ဒင်အိပ်ပျော်သွားသော်လည်း မြကြာမုံသည် ထင်းမီးဖိုရှေ့တွင်ထိုင်ကာ အောင်ဒင် ခါးပေါ်အိတ်မှ ရရှိသော မြွေတံဆိပ်အမှတ်အသားပါ ပေါက်စားတစ်လက်ကိုကြည့်ပြီး သူမလေးစားအထင်ကြီးပြီး တွေ့ချင်ခဲ့သော အောင်ဒင်ဖြစ်နေကြောင်း သိရှိသွားသဖြင့် အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ကြေကွဲခြင်းတို့ ပေါင်းယှက်ခံစားကာ မျက်ရည်များကျနေ၏။

ထိုအချိန်၌ အိပ်ရာမှနိုးလာသော အောင်ဒင်သည် မြကြာမုံကိုတွေ့ပြီး အဖြစ်အမှန်အတိုင်းရှင်းပြလိုက်ရာ မြကြာမုံက အများအကျိုးအတွက် တိုက်ပွဲဝင်နေသော အောင်ဒင်အတွက် အသက်ပေးလိုက်ရသော ဖခင်နှင့်ရွာသူရွာသားတို့မှာ ကျေနပ်ကြမည်ဖြစ်ကြောင်း သူမတွေ့ချင်သော လူစွမ်းကောင်းအောင်ဒင်အား ကိုယ်တိုင်ဆုံစည်းခွင့်ရပြီးသေသူများအတွက် လက်တွဲ၍ သွေးကြွေးပြန်ဆပ်ကြမည်ဖြစ်ကြောင်း ပြောဆိုလာသဖြင့် အောင်ဒင်သည် သဘောထားကြီးပြီး စိတ်ထားမြင့်မြတ်သော မြကြာမုံကို မြင်မြင်ချင်း လေးစားချစ်ခင်သွား၏။ သူမနှင့်အတူ သွေးကြွေးဆပ်ပေးမည်ဖြစ်ကြောင်းလည်း ကတိစကားဆိုလိုက်၏။

ထို့နောက် မြကြာမုံက အောင်ဒင်၏နောက်ကြောင်းကို သိလိုကြောင်း တောင်းဆိုလာသဖြင့် အောင်ဒင်က သူ့ဘဝအတိတ်ဇာတ်ကြောင်းကို ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်က အောင်ဒင်သည် အောင်ခင်ဆိုသော ညီတစ်ယောက်ရှိပြီး မိခင်မှဆိုးမဒေါ်အိုစာနှင့်အတူ နေထိုင်ကာ မိခင်မှ ဈေးရောင်း၊ အဝတ်လျှော် ကြုံရာကျပန်းလုပ်ကိုင်၍ ကျွေးမွေးခဲ့၏။

တစ်နေ့ရွာသို့မြို့မှ ပုလိပ်များရောက်လာပြီး ရွာလူကြီးနှင့်တကွ ရွာသူရွာသားများကို ခေါ်ယူ၍ အခွန်တော်ကိစ္စနှင့် လူဆိုးဓားပြများ တော်လှန်ရေးအဖွဲ့များကို ဖမ်းဆီးသတင်းပို့ကြရန် ဆော်ဩလေရာ အခွန်ကိစ္စနှင့်ပတ်သက်ပြီး တစ်နေ့လုပ်တစ်နေ့စား အောင်ဒင်တို့ မိသားစုမှာ သတ်မှတ်ရက်ကျော်လွန်ပြီး မပေးနိုင်သဖြင့် အရေးယူခြင်း ခံရမည်ဖြစ်ကြောင်း စကားပြန်မောင်ကြီးနှင့် ပုလိပ်များ ခြိမ်းခြောက်ပြီး ပြန်သွားကြ၏။

အောင်ဒင်တို့သားအမိသုံးယောက် ဖခင်မကွယ်လွန်ခင်က ရိုက်ထားသော မိသားစုဓာတ်ပုံကို ထုတ်ကြည့်၍ မိခင်ဖြစ်သူမှ "အခက်အခဲတွေကြောင့် ဒုက္ခရောက်နေရပြီ ရှင်ရှိရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး"ဟူ၍ မြည်တမ်းနေစဉ် စကားပြန်မောင်ကြီးနှင့် ပုလိပ်သားများ လာရောက်ဖမ်းဆီးကြလေ၏။ ထိုအခါ အောင်ဒင်နှင့် အောင်ခင် မိခင်ကိုလက်ဆွဲပြီး ဝရန်းသုန်းကားနှင့် ထွက်ပြေးကြရာ မိသားစု ဓာတ်ပုံအလယ်တည့်တည့်မှ ပြဲသွားပြီး အောင်ဒင်နှင့် အောင်ခင်ထံ တစ်ခြမ်းစီပါသွားကြ၏။

သို့သော် ပုလိပ်များက လက်နက်များဖြင့် ဝိုင်းဝန်းတိုက်ခိုက်ကြသဖြင့် မိခင်ဖြစ်သူ သေနတ်မှန်၍ နေရာမှာပင်သေဆုံးသွားသည်။ ထိုအချိန်မှစ၍ အောင်ဒင်နှင့်အောင်ခင် ညီအစ်ကိုနှစ်ယောက် ကွဲကွာ

www.burmeseclassic.com

www.burmeseclassic.com



သွားကြပြီး အောင်ဒင်သည် ချောက်ကမ်းပါးတစ်ခုထဲသို့ လိမ့်ကျ မှေ့မျောကာ သိုင်းဆရာကြီးမြေးအဘိုးမှ ကယ်တင်ထားလေ၏။

ထို့အတူ ညီဖြစ်သူ အောင်ခင်သည်လည်း ပုလိပ်များလက်မှ လွတ်မြောက်သွားပြီး မြေအောက်တော်လှန်ရေးအဖွဲ့ (မြကြာမုံ၏ ဖခင်ဦးဇာမဏီ)တို့နှင့်တိုးကာ အောင်ခင်၏ အခြေအနေကို သိရသဖြင့် ဦးဇာမဏီမှ ခေါ်ယူစောင့်ရှောက်ထားလိုက်သည်။

ထို့နောက် အောင်ဒင်၏ ကံကြမ္မာအဖြစ်ဆိုးများကို သိရသော သိုင်းဆရာကြီးဦးခွန်မှိုင်းသည် အောင်ဒင်နှင့်အတူ မြေးဖြစ်သူ နန္ဒာကို မျိုးချစ်စိတ်ဓာတ် အတွေးအခေါ်မှအစပြု၍ သိုင်းပညာ၊ သေနတ်ပစ်၊ မြင်းစီး၊ ဓားပေါက်များကို အစွမ်းကုန် သင်ကြားပေးလေတော့၏။

ထို့အတူ အောင်ခင်ကိုလည်း ဦးဇာမဏီ ဦးဆောင်သော တော်လှန်ရေးအဖွဲ့မှ အပစ်အခတ်နှင့် အတိုက်အခိုက်များကို စနစ်တကျ သင်ကြားပေးလေ၏။

ထိုသို့ ပညာရပ်မျိုးစုံသင်ကြားရင်း အရွယ်ရောက်လာသော တစ်နေ့တွင် အောင်ဒင်ကို သိုင်းဆရာကြီးဦးခွန်မှိုင်းမှ မိမိတတ်ကျွမ်း ထားသော ပညာရပ်များဖြင့် မိဘသွေးကြွေးဆပ်ရန်ထက် အများအတွက် အကျိုးရှိရှိ အသုံးချရန် ဆုံးမညွှန်ကြားလေ၏။ တစ်နေ့တွင် နန္ဒာနှင့်အတူ တောထဲသို့ ဆေးမြစ်တူးသွားရင်း မြွေတစ်ကောင်ကို တွေ့သဖြင့် အောင်ဒင်မှ ဓားနှင့်ပေါက်ကာ သတ်လိုက်၏။ ထိုအကြောင်းကို သိရှိ သွားသော သိုင်းဆရာကြီးဦးခွန်မှိုင်းမှ မိမိထက်အင်အားသေးသော မြွေကိုမသတ်သင့်ကြောင်း သူတို့အပေါ် မေတ္တာစိတ်ထားလျှင်

www.burmeseclassic.com

ww.burmeseclassic.com



မိမိအပေါ် တစ်ချိန်ချိန်မှာ အကျိုးပြုတတ်ကြောင်း မြွေအမြုတေနှင့် မြွေသံကွင်းစွပ်ကို ရရှိသောသူသည် ကိုယ်ပျောက်၍ အစွမ်းထက်လှကြောင်းပြောဆို သတိပေးလိုက်လေ၏။

ထို့နောက် တစ်နေ့တွင် အောင်ဒင်နှင့်နန္ဒာ ရိက္ခာသွားရှာနေခိုက် တောကျွံရင်းရောက်ရှိလာသော ရာဇဝတ်အုပ်မင်းရာဂျာအဖွဲ့သည် သိုင်းဆရာကြီး ဦးခွန်မှိုင်းအား တော်လှန်ရေးသမားဟူ၍ သတ်မှတ်ကာ စစ်ဆေးမေးမြန်းမရသဖြင့် ဝိုင်းတိုက်ခိုက်ကြပြီး အရေးမသာသောအခါ လည်ပင်းကြိုးစွပ် သေနတ်နှင့် ဝိုင်းပစ်သတ်လိုက်ကြ၏။

အောင်ဒင်နှင့်နန္ဒာ ပြန်ရောက်သောအခါ အသက်မျှော့မျှော့သာကျန်သော သိုင်းဆရာကြီးမှ ပုလိပ်များ ဒုန်ရှာသွားကြောင်းပြောဆို၍ သေဆုံးသွားလေတော့၏။ ထိုအခါ အောင်ဒင်နှင့်နန္ဒာသည် သိုင်းဆရာကြီးအတွက် ကလဲ့စားချေရန် ပုလိပ်များနောက်သို့ ဖြတ်လမ်းမှလိုက်သည်။

တစ်နေရာသို့ ရောက်သည့်အခါ ပုလိပ်များကိုမီပြီး အနောက်မှချုံခိုတိုက်ခိုက်လေရာ အထိနာသွားသော ပုလိပ်အဖွဲ့သည် တစ်ဖက်မှလာနေသော စကားပြန်မောင်ကြီးတို့အဖွဲ့နှင့် ပူးပေါင်းမိပြီး ပြန်တိုက်သဖြင့် အောင်ဒင်နှင့်နန္ဒာ အရေးနိမ့်ကာ နန္ဒာတွင် သေနတ်ဒဏ်ရာရသွားလေ၏။ ထိုအခါ အောင်ဒင်က မြင်းပေါ်တင်၍ ရှောင်တိမ်းသွားပြီး တောတွင်းတစ်နေရာရောက်သည့်အခါ နန္ဒာမှာ အသက်မရှိတော့သဖြင့် ကြေကွဲစွာနှင့်မြှုပ်နှံကာ သူမတို့ မြေးအတိုးအတွက် လက်စားပြန်ချေမည်ဖြစ်ကြောင်းနှင့် အများအတွက် အကျိုးပြုမည်ဖြစ်ကြောင်း ကတိပေး၍ နောက်ကြောင်းသို့ ပြန်လှည့်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညမိုးချုပ်သောအခါ အောင်ဒင်သည် လှိုဏ်မြောင်ကြီးတစ်ခုထဲ၌ မီးဖို၍ အိပ်စက်၏။ ထိုအချိန်မှာ မြွေကြီးတစ်ကောင်သည် သစ်ပင်ကိုင်းပေါ်မှ ဖောက်ထိုးဆင်းလာပြီး အောင်ဒင်၏ရင်ဘတ်ပေါ်တွင်ခွေလေ၏။ ထိုအချိန် အိပ်ရာမှလန့်နိုးလာသော အောင်ဒင်သည် မမြင်... မမျှော်လင့်ဘဲတွေ့လိုက်ရသဖြင့် အသက်မရှူဝံ့ဘဲနေစဉ် မြွေကြီးသည် မိမိအမြီးကို ပြန်မျိုလေ၏။ ထိုအခါ အောင်ဒင်သည် သိုင်းဆရာကြီး ဦးခွန်မှိုင်းပြောဖူးသော မြွေသံကွင်းစွပ်ဟူသည်ကို သတိရ၍ မျိုနေသော မြွေကြီး၏ကွင်းထဲသို့ လက်သူကြွယ်လျှိုထား လိုက်ရာ မြွေကြီးသည် တဖြည်းဖြည်းမှိုရင်း ပျောက်ကွယ်ကာ အောင်ဒင် လက်သူကြွယ်၌ လက်စွပ်အဖြစ် ကျန်ရှိသွားလေတော့၏။

ထိုအချိန်မှစ၍ အောင်ဒင်သည် ၎င်းအားအလွယ်တကူ မမှတ်မိစေရန် မျက်နှာဖုံးစွပ်ပြီး မြင်းညိုကြီးတစ်ကောင်နှင့်အတူ ရွာစဉ် လှည့်လည်၍ မကောင်းသူပယ် ကောင်းသူကယ်သော တစ်ကိုယ်တော် လူစွမ်းကောင်း ဖြစ်လာတော့၏။ ချစ်တီးကုလား ဓ... ...ွင်းစားပြများနှင့် မြို့ပိုင်ရာဇဝတ်အုပ် စကားပြန်တို့ကို အခွင့်အခါသင့်သလို ပညာပေး ဆုံးမလေ့ရှိသဖြင့် သံကွင်းစွပ်အောင်ဒင်ဟူသော နာမည်ကို ကြားရုံနှင့် ဒူးတုန်ကြောက်ရွံ့ကြသည်။

မြွေသံကွင်းစွပ်ရပြီးချိန်မှစ၍ အောင်ဒင်သည် မြွေသ...ွင်းစွပ် (လက်စွပ်)ကို သုံးပတ်ပြည့်အောင် လှည့်ပြီးသည့်နှင့်ကိုယ်ပျောက် နိုင်သည်။ ထိုအစွမ်းဖြင့် မတရားခေါင်းပုံဖြတ်သော ချစ်တီးကုလား (၂)ဦး တော်လှန်ရေးအဖွဲ့များကို ချေမှုန်းနေသော မြို့ပိုင်မင်း(၁)ဦးနှင့် ရွာသူရွာသားကို ... ...ှတ္တပေးသော ဓားပြ(၄)ဦးအား သုတ်သင်ပစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အောင်ဒင်သည် မရှိဆင်းရဲသားတို့ဘက်မှ ရပ်တည်သော ကျေးရွာရှင်ဖြစ်လာသလို မြို့ပိုင်ရာဇဝတ်အုပ်၊ ချစ်တီး ကုလားနှင့် စကားပြန်တို့ ကြောက်ရွံ့ရသော အဓိကရန်သူဖြစ်လာပြီး ဆုငွေထုတ်ဖမ်းဆီးရသော အဆင့်သို့ဖြစ်လေတော့၏။

မြကြာမုံသည် အောင်ဒင်၏ အဖြစ်အပျက်အတိတ်အကြောင်းကို အထက်ပါအတိုင်းကြားသိရသဖြင့် သနားခြင်း၊ လေးစားခြင်းတို့ဖြစ်သွားပြီး နောက်တစ်နေ့တွင် အောင်ဒင်တို့ ခရီးဆက်ကြရာ တောလမ်းတစ်နေရာအရောက်တွင် တော်လှန်ရေးအဖွဲ့ တစ်ဖွဲ့နှင့်တိုးပြီး စခန်းသို့ ခေါ်သွား၏။ စခန်းသို့ရောက်သည့်အခါ မြကြာမုံ၏ဖခင် ဦးဇာမဏိ၏လက်ထောက် တော်လှန်ရေးခေါင်းဆောင်ဖြစ်နေသော အောင်ခင်နှင့်တွေ့ဆုံကာ ခါတ်ပုံနှစ်ခုဆက်ကြည့်သောအခါ ညီအစ်ကို အရင်းမှန်း သိရှိသွားကြတော့၏။

ထို့နောက် အောင်ဒင်၏ဒဏ်ရာများကို မြကြာမုံက ဆေးပညာနားလည်သဖြင့် ကုသပေးရင်း အောင်ဒင်နှင့် သံယောဇဉ်တွယ်ကာ ချစ်သူများဖြစ်သွားကြတော့သည်။ သို့ရာတွင် အောင်ဒင်သည် ဒဏ်ရာများ ပျောက်ကင်းသောအခါ တစ်ကိုယ်တော်လှုပ်ရှားမှုဖြင့် အများ၏အကျိုးကို ကာကွယ်လိုသဖြင့် စခန်းမှထွက်ခွာသွား၏။

ဤသို့ဖြင့် တစ်နေ့တွင် ရာဇဝတ်အုပ်မင်းရာဂျာအဖွဲ့နှင့် စကားပြန်မောင်ကြီးတို့ မြို့မှရိက္ခာတွေ သယ်လာမည့်သတင်းကို ကြားသိရသဖြင့် အောင်ခင်ဦးဆောင်သော တော်လှန်ရေးအဖွဲ့သည် လမ်းမှဖြတ်တိုက်လေရာ နှစ်ဖက်စလုံးအထိနာနေချိန် မြင်းညိုကြီး

www.burmeseclassic.com

ww.burmeseclassic.com



တစ်ကောင်နှင့် အောင်ဒင်ရောက်ရှိလာပြီး ပြောက်ကျားစနစ်ဖြင့် ဝင်တိုက်သဖြင့် ပုလိပ်များနှင့် စကားပြန်မောင်ကြီး ရာဇဝတ်အုပ်မင်း ရာဂျာတို့ တိုက်ပွဲတွင်ကျဆုံးသွားကြရာ မြို့ပိုင်မင်းထံသို့ လွတ်မြောက်သွားသော ပုလိပ်သားတစ်ဦးမှ သတင်းပို့သည့်အတွက် မြို့ပိုင်မင်း ဆူပူကြိမ်းမောင်းကာ အင်အားထပ်တိုး၍ အောင်ဒင်နှင့် အောင်ခင် ညီအစ်ကိုအား အရှင်ရရ အသေရရ ဖမ်းဆီးရန် ရာဇဝတ်အုပ်မင်းအသစ် ဂျော်နီကို တာဝန်ပေးအပ်လိုက်တော့၏။

ရာဇဝတ်အုပ်မင်းဂျော်နီသည် အောင်ဒင်တို့ညီအစ်ကိုအား ဖမ်းဆီးနိုင်ရန် အကွက်ချစီစဉ်၍ တော်လှန်ရေးအဖွဲ့ရှိရာသို့ သူလျှိုဒလန် တစ်ယောက် စေလွှတ်၍ သတင်းအချက်တို့ကိုယူသည်။ စခန်းနေရာ အတိအကျကို သိရှိပြီးနောက် အလစ်အငိုက်ဝင်တိုက်ခိုက်ရာ တော်လှန်ရေးခေါင်းဆောင် အောင်ခင်နှင့် ရဲဘော်တချို့သေဆုံး၍ တချို့ လွတ်မြောက်သွားပြီး မြကြာမုံကို ဓာစားခံအဖြစ် ဖမ်းဆီးခေါ်ဆောင် သွားကြတော့၏။

အောင်ဒင်ရောက်လာသောအခါ စခန်းတစ်ခုလုံးကျဆုံး၍ လွတ်မြောက်ခဲ့သော ရဲဘော်တချို့အား စိတ်မကောင်းဖွယ်တွေ့ရတော့သည်။ ထိုအချိန် ရာဇဝတ်အုပ်မင်းဂျော်နီထံမှ ဆက်သား တစ်ဦးရောက်လာပြီး မြကြာမုံကို စခန်းတွင် ကောင်းမွန်စွာ ဖမ်းထားကြောင်း ထိုကိစ္စအတွက် အောင်ဒင်နှင့် နှစ်ဖက်ပြေလည်ရေး ဆွေးနွေးစရာရှိကြောင်း ထိုကိစ္စကို လက်ခံလျှင် မြကြာမုံကို ပြန်လွှတ်ပေးမည် ဖြစ်ကြောင်း လာရောက်သည့်အခါ အောင်ဒင်၏ မူလအသွင်နှင့်သာ လာရောက်ရမည်ဖြစ်ကြောင်း သတင်းပို့ကာ ပြန်သွား၏။

www.burmeseclassic.com

ww.burmeseclassic.com



ထိုကိစ္စအတွက် တော်လှန်ရေးရဲဘော်တချို့က အောင်ဒင်အတွက် စိုးရိမ်ပြီး မသွားသင့်ကြောင်း တားမြစ်သော်လည်း အောင်ဒင်က မြကြာမုံအတွက် စိုးရိမ်ပြီး၊ မျက်နှာဖုံးမစွပ် မြွေသံကွင်းစွပ်(လက်စွပ်)ကို အသုံးမပြုဘဲ ရာဇဝတ်အုပ်မင်းဂျော်နီနှင့် သွားရောက်တွေ့ဆုံရာ ကြိုတင်အကွက်ချစီစဉ်ထားသော ရာဇဝတ်အုပ်မင်းအဖွဲ့နှင့် သူကြီးသည် အောင်ဒင်အား ဝိုင်းရံ၍ ပိုက်ကွန်နှင့်ပစ်ဖမ်းကြလေရာ အောင်ဒင်ပြန်လည်ခုခံတိုက်ခိုက်သော်လည်း မြကြာမုံ တစ်စုံတစ်ခုဖြစ်သွားမည်ကို စိုးရိမ်းနေ၏။ ထိုအားနည်းချက်ကိုနင်းကာ ရာဇဝတ်အုပ်မင်း ဂျော်နီနှင့် အဖွဲ့သည် မြကြာမုံကို သေနတ်နှင့်ထောက်၍ အောင်ဒင်ကို အညံ့ခံခိုင်းလေရာ အောင်ဒင်မတက်သာဘဲ အညံ့ခံသောအခါ မြကြာမုံကိုပါ လွှတ်မပေးဘဲ ဖမ်းဆီးလိုက်ကြတော့၏။

အောင်ဒင်နှင့်မြကြာမုံကို မြို့ဂိတ်သို့ ဝက်ခြံလှည်းနှင့် တင်ဆောင်ကာ ပုလိပ်များ ဖမ်းဆီးသွားကြခြင်းကို တစ်ရွာလုံး ကြေကွဲဝမ်းနည်းစွာ ထွက်ကြည့်ကြသလို ကျန်ရှိသောတော်လှန်ရေးရဲဘော်တချို့သည်လည်း ရုပ်ဖျက်၍ တိတ်တဆိတ် ချောင်းကြည့်ပြီး ကြေကွဲခံပြင်းမှုဖြစ်ရင်း ဇာတ်သိမ်းပါမည်။

**ဓနုတ်ဟိဏ်းဇော်**

www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေတစ်ပိုင်း လူတစ်ပိုင်း

"မောင်မိုးလှိုင် "

"ဗျာ . . . ဖွားလေးသိန်း " ကိုမိုးလှိုင်သည် ဖွားလေး ခေါ်သည်ကို

ရေနွေးကြမ်းသောက်နေရာမှ ကမန်းကတမ်း ထူးလိုက်သည်။

"ငါ့မြေး သီလလုံရဲ့လား"

ဖွားလေးသိန်းက ကိုမိုးလှိုင်၏မျက်နှာအား ကြည့်၍

မေးလိုက်သည်။

"ဟုတ်ကဲ့ဖွားလေး . . . ကျွန်တော် အတတ်နိုင်ဆုံး

ထိန်းပါတယ်။ ငယ်စဉ်ကတည်းက ခုချိန်အထိ ဘုရားရှိခိုး ပုတီးစိပ်

မပျက်သလို၊ ဝါတွင်းဝါပ ဥပုသ်စောင့်မပျက်ပါဘူး ဖွားလေး"

ကိုမိုးလှိုင်၏ စကားအဆုံးဝယ် ဖွားလေးသိန်းသည် ခေါင်းကို

ညိတ်လိုက်ပြီး . . .

"အေး . . အေး . . ဖွားလေးသိတယ်၊ တို့အမျိုးတွေထဲမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးကို ဂရုတစိုက်နဲ့ ယုံယုံကြည်ကြည်လုပ်တာ မင်းတစ်ယောက်တည်းပဲရှိတယ်"

ဖွားလေးသိန်းသည် စကားကိုရပ်၍ သူမ၏ယောဂီရောင်လွယ်အိတ်အတွင်း လက်နှိုက်၍ တစ်စုံတစ်ခုကို ရှာလိုက်သည်။ ပြီးနောက် လက်ကိုပြန်ထုတ်၍ ပါးစပ်နားတေ့ကာ ရွတ်ဖတ်ရင်း . . .

"ရော့ . . ငါ့မြေး . . ဒါလေးကိုဆောင်ထား" ဟုပြောကာ ကိုမိုးလှိုင်အား ဓာတ်လုံးတစ်လုံးကို ပေးသည်။

"အဲဒါ ဆေးဒန်းဓာတ်လုံးလို့ ခေါ်တယ်ကွယ့်၊ အထူးသဖြင့်တော့ အဆိပ်နဲ့ပတ်သက်လို့ ကောင်းတယ်။ ဒါပေမဲ့ လူလေးဉာဏ်ရှိသလိုသုံးပေါ့။ လူလေး သိလလုံ့ရင်လုံ့သလို အကျိုးပြုပါလိမ့်မယ်"ဟု ဆက်ပြောသည်။

"ဟုတ်ကဲ့ . . . ဖွားလေး"

ကိုမိုးလှိုင်သည် ဖွားလေးသိန်းပေးသော ဓာတ်လုံးကို လှမ်းယူပြီးနောက် ဖွားလေးသိန်းအား ရှိခိုးလိုက်သည်။

"ငါ့မြေး ဘုန်းကြွေးလို့ အသက်ရှည်ပြီး ဘာသာ သာသနာအကျိုးကို သည်ပိုးနိုင်သော သူတော်ကောင်းကြီး ဖြစ်ပါစေကွယ်" ဟု ဆုပေးလေရာ . . .

"ဖွားလေးပေးတဲ့ဆုနဲ့ ပြည့်ရပါစေ"

"ကဲ . . . ကဲ ငါ့မြေးလည်း သွားအိပ်တော့၊ ဖွားလေးလည်း တီးစိပ်လိုက်ဦးမယ်" ဟု ပြောပြီးနောက် . . .

"ခြော် . . ငါ့မြေး မနက်စောစော ဖွားပြန်မယ်၊ အဲဒါ ဘားဂိတ်ကို လိုက်ပို့နော်" ဟု ပြောလိုက်ရာ ကိုမိုးလှိုင်သည် . .

www.burmeseclassic.com

ww.burmeseclassic.com



"ဖွားလေးရောက်တာမကြာသေးဘူး၊ အေးအေးဆေးဆေး နေပါဦး" ဟု ပြောလိုက်ရာ ဖွားလေးသိန်းသည် ပြုံးလိုက်ပြီး . . .

"နေလို့မရသေးပါဘူးကွယ်၊ ဖွားလေးမှာ သာသနာ့အလုပ်တွေ လုပ်ရဦးမယ်၊ ကဲ . . . ကဲ . . သွားအိပ်တော့"ဟု ပြောပြီး ဘုရားရှိခိုးရန် ပြင်ဆင်နေသဖြင့် ကိုမိုးလှိုင်သည် ဖွားလေးသိန်း အနားမှထ၍ မိမိအိပ်ရာဆီသို့သွားကာ တုံးလုံးလှဲရင်း ဖွားလေးသိန်းအကြောင်း စဉ်းစားနေမိသည်။

ဖွားလေးသိန်းသည် အမေ့ညီမဖြစ်၍ အသက်သုံးဆယ်အရွယ်တွင် သူမ၏ခင်ပွန်း ကွယ်လွန်သွားပြီးနောက် မြို့ပေါ်ရှိ တရားစခန်းတစ်ခုသို့ ဝင်ရောက်ပြီးနောက် ထိုတရားစခန်းမှ ထွက်ခွာကာ တောတောင်များ၌ လှည့်လည် တရားအားထုတ်နေသည်ဟုသာ သတင်းကြားခဲ့ရပြီး အနှစ်,နှစ်ဆယ်ခန့် ဆွေမျိုးများနှင့် အဆက်အသွယ် ပြတ်ခဲ့ရာမှ ယခု ကိုမိုးလှိုင်နှင့် ပြန်ဆုံရခြင်း ဖြစ်သည်။

ဖွားလေး၏ အေးဆေးတည်ငြိမ်သော စကားပြောဟန်နှင့် နူးညံ့သိမ်မွေ့သော လှုပ်ရှားမှုတို့ကို ကြည့်၍ ဖွားလေးသည် တစ်စုံတစ်ခုသော အနေအထားသို့ ရောက်ရှိနေပြီဟု ကိုမိုးလှိုင် ခန့်မှန်းမိသော်လည်း တိတိကျကျတော့ မသိပေ။ ဖွားလေးသိန်းကလည်း မပြော။

ကိုမိုးလှိုင်သည် ဖွားလေးသိန်အကြောင်း စဉ်းစားနေခြင်းကို ရပ်၍ ဘုရားရှိခိုး ပုတီးစိပ်ပြီးနောက် အိပ်လိုက်လေတော့သည်။

ဒေါ်စိုးရင်သည် လကွယ်နေ့ရောက်မှာကို ကြောက်လန့်နေသည်။ လကွယ်နေ့ရောက်တိုင်း မိမိတို့မိသားစု စိတ်ညစ်ရသည်။ မိမိတို့မိသားစုဟု ဆိုရသော်လည်း စုစုပေါင်းမှ မိမိနှင့်သမီးဖြစ်သူ မငွေးကြည်တို့သာ ဖြစ်သည်။

www.burmeseclassic.com

ww.burmeseclassic.com



ခင်ပွန်းဖြစ်သူ ကိုဘရွှေ ဆုံးပါးခဲ့သည်မှာ သုံးနှစ်သာ ရှိသေးသည်။ ထိုအချိန်မှစ၍ သားအမိနှစ်ယောက်တည်း လုပ်ကိုင် စားသောက်လာခဲ့ကြသည်။

သမီးဖြစ်သူ မငွေးကြည်မှာ အသက်ဆယ့်ကိုးနှစ်ရှိ ပြီး လိမ္မာ၍ အားကိုးရသည့် သမီးဖြစ်သည်။ ကျန်းမာသန်းစွမ်းပြီး အလုပ်ကြိုးစားသူ ဖြစ်၍ စွယ်တော်ရွာတစ်ရွာလုံးက မငွေးကြည်ကို ချီးကျူးကြသည်။

လွန်ခဲ့သည့် သုံးလလောက်က ဖြစ်သည်။ တိတိကျကျ ဆိုရသော် တပို့တွဲလကွယ်နေ့က ဖြစ်သည်။

မငွေးကြည်သည် မိမိတို့လယ်ထဲ၌ စိုက်ပျိုးထားသော ပဲခင်းများကို သွားကြည့်ရန် မိခင်ဖြစ်သူဒေါ်စိုးရင်အား ပြော၍ ထွက်သွားသည်။ အချိန်မှာ နေဝင်စပင်ပြုနေပြီဖြစ်သဖြင့် ဒေါ်စိုးရင်က သမီးဖြစ်သူအား . . .

"မိုးချုပ်တော့မယ်သမီးရယ် . . . မနက်ကျမှသွားကြည့်ပါလား" ဟု ပြောလိုက်ရာ မငွေးကြည်က . . .

"အခုပဲသွားကြည့်လိုက်မယ်အမေ၊ ခူးလို့ရရင်လည်း မနက်တစ်ခါတည်း ခူးရတာပေါ့။ နောက်ကျသွားရင်မကောင်း ဘူး" ဟု ပြန်ပြောသဖြင့် ဒေါ်စိုးရင်က . . .

"အေးလေ . . . ဒါဆိုလည်း သုတ်သုတ်သွား၊ မမှောင်ခင် မြန်မြန်ပြန်ခဲ့နော်" ဟု ပြောလိုက်ရာ မငွေးကြည် ပဲခင်းရှိရာ ရွာအနောက် ဘက်သို့ ထွက်သွားလေသည်။

ဒေါ်စိုးရင်လည်း မီးဖိုးချောင်သို့ဝင်၍ သားအမိနှစ်ယောက်စာ အတွက် ထမင်းချက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းအိုးငှဲ့ပြီး၍ နပ်ထားပြီး တအောင့်ကြာသောအခါ ထမင်းအိုးကို မီးဖိုမှချ၍ ရေနွေးအိုးကို မီးဖိုပေါ်တင်နေစဉ် . . .

"ဝုန်း"ဟူသော အသံကြောင့် ဘာများဖြစ်တာပါလိမ့် ဟု အိမ်ရှေ့သို့ ထွက်ကြည့်ရာ သမီးဖြစ်သူ မဌေးကြည် ပြန်ရောက်နေသည်ကို တွေ့ရသည်။

မဌေးကြည်သည် ဘုရားစင်အား ကျောခိုင်းလျက် တင်ပျဉ်ခွေထိုင်နေပြီး တစ်ကိုယ်လုံးတုန်နေသည်။ ဒေါ်စိုးရင်သည် သမီးအဖျားတက်နေသည်ထင်သောကြောင့် ဆေးတိုက်ရန် မီးဖိုထဲဝင်၍ ရေနွေးအိုးကို မြန်မြန်ဆူစေရန် ထင်းကို ဂရုစိုက်ထည့်နေသည်။သမီးသည် ယခင်ကလည်း မကြာခဏ ယခုလိုအဖျားတက်တတ်သည်။ ထိုအခါ ရေနွေးပူပူလေးနှင့် ငန်းဆေးတိုက်လိုက်လျှင် အဖျားကျ၍ သက်သာသွားတတ်သည်။

"ဝုန်း . . ဝုန်း . . ဝုန်း"ဟူသော ဆက်တိုက်အသံများကြောင့် ဒေါ်စိုးရင် အိမ်ရှေ့ခန်းသို့ ထွက်ကြည့်ရပြန်သည်။ ထိုအခါ မဌေးကြည်မှာ ထိုင်လျက်မဟုတ်တော့ဘဲ မတ်တတ်ရပ်လျက် အိမ်ပေါ်တွင် ခုန်ပေါက်နေသည်ကို တွေ့ရသဖြင့် ဒေါ်စိုးရင် စိုးရိမ်သွားပြီး သမီးဆီပြေးသွား၍ ဖက်လိုက်သည်။

"သမီး . . . သမီး . . . ဘာဖြစ်တာလဲ . . . သတိ"

ဒေါ်စိုးရင် စကာမဆုံးခင်မှာပင် မဌေးကြည်သည် ဒေါ်စိုးရင်အား တွန်းထုတ်လိုက်ရာ ဒေါ်စိုးရင်မှာ အိမ်ခြေရင်း၌ ပုံလျက်သား လဲကျသွားလေသည်။ နှုတ်မှလည်း . . .

www.burmeseclassic.com

www.burmeseclassic.com



"မသန်းတင် . . မသန်းတင်၊ မောင်ကြည် လာကြပါဦးဟဲ့။ ဒီမှာ ဒွေးကြည် ဘာဖြစ်လို့လဲမသိဘူး"ဟု ခြေရင်းအိမ်ဘက်ကို အသံပြု အော်ခေါ်ရင်း လဲနေရာမှ ကြုံထလိုက်သည်။

ထိုစဉ် ခြေရင်းအိမ်မှ မသန်းတင်သည် "ဝုန်း"ခနဲ ဟူသော အသံနှင့်အတူ ဒေါ်စိုးရင်၏ အထိတ်တလန့် အော်ခေါ်သံကြောင့် ဒေါ်စိုးရင်၏အိမ်သို့ကူးလာပြီး . . .

"ကြီးဒေါ်စိုး . . . ဘာဖြစ်လို့လဲ" ဟုမေး၍ ဒေါ်စိုးရင်တို့ အိမ်ပေါ်သို့ တက်သွားသောအခါ မဒွေးကြည်မှာ တစ်ကိုယ်လုံး တုန်လျက် သူမအား မျက်ထောင့်နီဖြင့် ကြည့်နေသည်ကို တွေ့ရသဖြင့် စိတ်ထဲဝယ်တစ်မျိုးဖြစ်ကာ မသင်္ကာသောကြောင့် . . .

"ကိုကြည် . . . ကိုကြည် မြန်မြန်လာပါဦး" ဟု ခေါ်လိုက်ရာ ကိုကြည်သည် ဒေါ်စိုးရင်အိမ်ပေါ်သို့ ပြေးတက်လာရာ မသန်းတင်သည် မဒွေးကြည်အား လက်ညှိုးထိုးပြ၍ . .

"ကိုကြည် . . . လုပ်ပါဦး။ ဟိုမှာ မဒွေးကြည် ဘာဖြစ်နေတာလဲ မသိဘူး" ဟုပြောသဖြင့် ကိုကြည်သည် မဒွေးကြည်အား ကြည့်လိုက်ရာ တစ်ကိုယ်လုံးတုန်ယင်နေပြီး အံကြိတ်ကာ မျက်ထောင့်နီကြီးဖြင့် ကြည့်နေသည်ကို တွေ့ရသဖြင့် ကိုကြည်သည် မဒွေးကြည်အနား ကပ်သွားတော့သည်။

"ဘယ်ပုဂ္ဂိုလ်ပါလဲ . . ဘာလိုချင်လို့လဲ" ဟု မေးလိုက်ရာ မဒွေးကြည်က

"ငါတောကျွေ့ပဲဟေ့" ဟု ပြောလိုက်သည်။ ပြောသူမှာ မဒွေးကြည်ဖြစ်သော်လည်း ထွက်ပေါ်လာသည့်အသံမှာ ယောကျ်ားသံ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိုးရင်နှင့် မသန်းတင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ဦးတောကျော်ဆိုသည်မှာ သူတို့နယ်တစ်ဝိုက်တွင် ထင်ရှားသည့် ကွင်းပိုင်ကြီးဖြစ်သောကြောင့် ပင်တည်း။

ကိုကြည်သည် မတ်တတ်ရပ်နေရာမှ ထိုင်လိုက်ပြီး

"ကွင်းပိုင်ကြီးခင်ဗျား . . ဘာများအလိုရှိလို့ပါလဲ၊ ကျွန်တော်တို့မှာ အမှားအယွင်းများရှိခဲ့ရင်လည်း သည်းခံခွင့်လွှတ်ပါခင်ဗျား" ဟုပြောလိုက်ရာ . .

ဦးတောကျော်ဆိုသော ပုဂ္ဂိုလ်က ကိုကြည် ကိုကြည့်လိုက်ပြီး "ငါ အမဲသားစားချင်တယ်" ဟု ပြောလိုက်ရာ ကိုကြည်တို့သုံးယောက်မှာ အခက်တွေ့ အကြံရခက်သွားလေသည်။ သည်အချိန်ကျမှ အမဲသားကို မည်သည့်နေရာမှရှာ၍မရနိုင်၊ ထို့ကြောင့် ဒေါ်စိုးရင်က အရဲစွန့်ပြီး . . .

"ဒီအချိန်ကျမှ အမဲသားရှာလို့မရနိုင်ပါဘူး ကွင်းပိုင် ကြီးရယ်" ဟုပြောလိုက်ရာ ဦးတောကျော်သည် ဒေါ်စိုးရင် ဘက်လှည့်လိုက်ပြီး . . .

"ဟော့ . . . သာထွန်းအိမ်မှာရှိတယ်၊ အခုသွားယူ" ဟု ပြောလိုက်သဖြင့် သူတို့သုံးဦးစလုံး ကြောင်စီစီဖြစ်ရပြန်သည်။ ဦးသာထွန်းသည် အမဲသားကို ငယ်စဉ်ကတည်းက မစားသလို၊ သူ့မိသားစုများကိုလည်း မစားစေပေ။ ဘာပဲဖြစ်ဖြစ် သူပြောတာဟုတ်မဟုတ် သိရအောင် ကိုကြည်အား . .

"မောင်ကြည် . . မင်း ဦးသာထွန်းတို့အိမ်မှာ သွားကြည့် ပေးစမ်းပါကွယ်"ဟု ခိုင်းလိုက်ရာ ကိုကြည်သည် အိမ်ပေါ်မှဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်ကြာသောအခါ ကိုကြည်သည် အမဲသားတွဲများကို ကိုင်ပြီး အိမ်ပေါ်တက်လာကာ . . . ဒေါ်စိုးရင်ရှေ့၌ ရပ်လိုက်ပြီး

"အုံ့ဩစရာကောင်းလိုက်တာဗျာ၊ ဦးသာထွန်း နွားမတမ်းလေး ဘာဖြစ်သွားမှန်းမသိဘဲ ရုတ်တရက်ဓသေသွားလို့ ဖျက်နေတာတွေ့တာနဲ့ ကျွန်တော် သုံးပိဿဆွဲလာခဲ့တယ်" ဟု ပြောပြီး ဦးတောကျော် တဖြစ်လဲ မဌေးကြည်အား ပေးလိုက်ရာ အမဲသားကို အစိမ်းလိုက် အားရပါးရ စားနေသည်။

ထိုအချိန်တွင် တစ်ယောက်စကား တစ်ယောက်နားဆိုသလိုပင် သတင်းကြားသိသွားသောကြောင့် လာကြည့်သော ရွာသားများဖြင့် ဒေါ်စိုးရင်၏အိမ်မှာ လူအများပြည့်နေသည်။

ကိုမိုးလှိုင်သည် ဖွားလေးသိန်းအား ကားဂိတ်သို့ လိုက်ပို့၍ မြို့ပေါ်ရှိ အသိမိတ်ဆွေများထံ ဝင်ရောက်နေသဖြင့် ရွာသို့ မိုးချုပ်မှ ရောက်လာရာ မိမိအိမ်သို့အပြန် ဒေါ်စိုးရင်၏အိမ်ရှေ့မှအဖြတ် ဒေါ်စိုးရင်၏အိမ်၌ လူများတရုန်းရုန်းဖြစ်နေသဖြင့် ကိုမိုးလှိုင်လည်း အကျိုးအကြောင်းသိလိုသဖြင့် အိမ်ပေါ်သို့တက်သွားရာ အမဲသားကို အားရပါးရစားနေသော မဌေးကြည်အား တွေ့လိုက်ရသဖြင့် ရွာသား တစ်ယောက်အား မေးကြည့်ရာ အကျိုးအကြောင်း သိရလေသည်။

ထိုအခါ ဖွားလေးသိန်း ပေးထားခဲ့သော ဓာတ်လုံးကို သတိရမိသည်။ ထို့နောက် စမ်းသပ်လိုစိတ်လည်း ပေါ်လာသဖြင့် အင်္ကျီအိတ်ထဲတွင် လက်ကိုင်ပဝါနှင့် ထုပ်ထားသော ဓာတ်လုံးအားထုတ်ယူ၍ လက်ထဲတွင် ဆုပ်ကိုင်ပြီး မဌေးကြည် အနားကပ်သွားသည်။ ပြီးနောက် ဓာတ်လုံးဖြင့် မဌေးကြည်၏ခေါင်းကို တို့လိုက်ရာ မဌေးကြည်မှာ . . .

www.burmeseclassic.com

www.burmeseclassic.com



"အား . . . ပူတယ် . . . ပူတယ်" ဟုပြောကာ စားနေသော အမဲသားမှာ လက်ကလွတ်ကျသွားပြီး မဒွေးကြည်မှာလည်း တွန့်လိမ်လျက်

"အား . . . ပူတယ် . . . ပူတယ်၊ နင်တို့ရွာမှာ ပစ္စည်းကောင်းရှိတယ်၊ နောက်မလာတော့ပါဘူး" ဟုပြောလျက် မဒွေးကြည်မှာ ငြိမ်သက်သွားလေတော့သည်။

ထိုအခါ အနီး၌ရှိနေကြသော ရွာသူရွာသားတချို့သည် မဒွေးကြည်အား နှိပ်သူနှိပ်၊ ချိုးသူချိုးလုပ်ကြရာ မကြာမီ မဒွေးကြည်သည် သတိပြန်ရလာသည်။

ဒေါ်စိုးရင်သည် ကိုမိုးလှိုင်အား ကျေးဇူးတင်စကား ပြောကြားလိုက်သည်။ မဒွေးကြည်ကလည်း ကိုမိုးလှိုင်အား ရှိခိုးကန်တော့လေသည်။

ရွာသူရွာသားတချို့က ကွင်းပိုင်ဦးတောကျော် ပြောသွားသည့် ပစ္စည်းကောင်းဆိုသော ခါတ်လုံးအား ကိုမိုးလှိုင်ထံမှ တောင်းယူ၍ စိတ်ဝင်စားစွာ ကြည့်ရှုနေကြလေတော့သတည်း။

မနုတ်ဟိရ်ဏ်းဇော်

www.burmeseclassic.com

ww.burmeseclassic.com

# ကပ္ပိယထိပ်သီးနှင့် ဗိုလ်ညာဥ်ပြန်သောခါး

မြန်မာပြည် စစ်ကြီးပြီးစ ကာလဖြစ်သည်။

ထိုအချိန်က ကျွန်ုပ်သည် စစ်ကာလအတွင်း၌ အတူလက်တွဲ၍ တိုက်ပွဲဝင်ခဲ့သော သွေးသောက်ရဲဘော်ရဲဘက်မိတ်ဆွေကြီး ကပ္ပိယသီလ နေထိုင်ရာ မန္တလေးအထက်ပိုင်းရှိ ရွာလေးတစ်ရွာသို့ သွားရောက်ကာ ငှမ်းနှင့်စစ်အတွင်းကာလက ဆောင်ရွက်ထားသည့် ကိစ္စတစ်ရပ်အတွက် တွေ့ဆုံစီစဉ်ပြီး ပြန်လာခဲ့ရာ ထိုအပြန်ခရီးတွင် ကျွန်ုပ်နေထိုင်ရာ တို့တောသို့ တိုက်ရိုက်မပြန်ဖြစ်ဘဲ ရမည်းသင်းခရီးဆက်ခဲ့ရလေ၏။

အကြောင်းကတော့ အင်းဝခေတ် နန်းစဉ်သုံးဓားတစ်လက် ကိစ္စကြောင့် ဖြစ်သည်။ ထိုဓားတစ်လက်ကို စစ်အတွင်းကာလက ဖက်ဆစ်ဂျပန်များကိုတိုက်ရင်း ကျွန်ုပ်နှင့် မိတ်ဆွေကြီး ကပ္ပိယသီလတို့ ဦးဆောင်သော တော်လှန်ရေးတစ်တပ်လုံးကို ပဲခူးရိုးမအတွင်း၌ လိုက်ဂူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဂူထဲ၌ ဖက်ဆစ်ဂျပန်များ ပိုင်းပိတ်ဆို့တိုက်ခိုက်ခြင်းကို ခံခဲ့ရလေ၏။

ထိုသို့ ဖြစ်နေချိန်တွင် မမျှော်လင့်ဘဲ လိုဏ်ဂူထဲတွင် အင်းဝခေတ် နန်းစဉ်သုံးဓားတစ်လက်ကို ရရှိခဲ့ခြင်းဖြစ် သည်။ ထိုစဉ်က ထိုဓားတွင်ရှိနေသော ထူးခြားချက်တစ်ခုမှာ လွန်စွာမှ အံ့ဩစရာ ကောင်းလှလေ၏။

အခြားတော့မဟုတ်။ ထိုဓားကိုရရှိသော နံရံပေါ်တွင် စာကြောင်းများ ထွင်းထုထားလေ၏။ ထိုဓားကိုတွေ့ရှိသောသူမှာ မူလဓားပိုင်ရှင်ဖြစ်သူအတွက် ရည်စူးပြီး တန်ခိုးကြီးဘုရားတစ်ဆူဆူတွင် သွားရောက်လှူဒါန်းပေးရန် တောင်းဆိုထွင်းယုထားသော စာပင် ဖြစ်သည်။

ထိုဓားကို ရရှိသောအချိန်က ကျွန်ုပ်တို့သည် ဖက်ဆစ်ဂျပန် တို့၏ အလစ်အငိုက် ပိတ်ဆို့တိုက်ခိုက်ခြင်းကို လိုဏ်ဂူအတွင်း ခံလိုက်ရ သဖြင့် ကျွန်ုပ်တို့သည် အုပ်စုနှစ်စုခွဲကာ ဖက်ဆစ်ဂျပန်များကို ပြန်လည် ထိုးဖောက်တိုက်ခဲ့ကြ၏။ ထိုသို့ တိုက်ခိုက်ရာတွင် ကျွန်ုပ်တို့အုပ်စုတစ်စု သည် ထိုဖက်ဆစ်ဂျပန်များအား တိုက်ခိုက်ခုခံပြီး ကျွန်ုပ်မိတ်ဆွေကြီး ကပ္ပိယသီလ ဦးစီးသော အုပ်စုကိုတော့ အင်းဝခေတ် နန်းစဉ်သုံးဓား တစ်လက်ကို ယူဆောင်စေပြီး လိုဏ်ဂူအတွင်းပိုင်း လူတစ်ကိုယ်ဝင် အပေါက်မှ လွတ်မြောက်ရှောင်တိမ်းစေခဲ့၏။

ကျွန်ုပ်ဦးစီးသော အုပ်စုကတော့ ဖက်ဆစ်ဂျပန်များကို ခုခံ တိုက်ခိုက်ရင်း ထိုလူတစ်ကိုယ်ဝင်အပေါက်မှ တဖြည်းဖြည်းဆုတ်ခွာ လွတ်မြောက်ခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဖက်ဆစ်ဂျပန်များ တစ်ယောက်မကျန် မြန်မာပြည်မြေပေါ်မှပြေးရပြီး စစ်ကြီးပြီးသွားသောအခါ ထိုဓားကိုယူဆောင်ပြီး သိမ်းဆည်းထားသော မိတ်ဆွေကြီး ကပ္ပိယသီလထံ ယခုကဲ့သို့ ကျွန်ုပ်သွားရောက်ရခြင်းဖြစ်ပေသည်။

မိတ်ဆွေကြီး ကပ္ပိယသီလထံရောက်တော့ ထိုဓားကို ၄င်းနှင့်ညီအစ်ကိုဝမ်းကွဲတော်သူ ကျွန်ုပ်တို့ တော်လှန်ရေးတပ်တွင် ယုံကြည်အားထားစိတ်ချဆုံး သွေးသောက်ရဲဘော် သခင်မြင့်စိုးထံ၌ ထိုအချိန်ကတည်းက တစ်ပါးတည်းယူဆောင်စေကာ သိမ်းဆည်းထားနိုင်းခဲ့ကြောင်း သိရသဖြင့် သခင်မြစိုးရှိရာ ရမည်းသင်းသို့ ကျွန်ုပ်ခရီးဆက်ရခြင်းဖြစ်တော့သည်။

ရမည်းသင်းရောက်တော့ သခင်မြင့်စိုး သိမ်းဆည်းထားသောထိုဓားကို ယူဆောင်ကာ ကျွန်ုပ်တို့နေထိုင်ရာသို့ ချက်ချင်းကြုံရာကားဖြင့်ပြန်လည်လိုက်ပါလာခဲ့လေ၏။ သို့ရာတွင် ဖြစ်ချင်တော့ တောင်ငူမြို့အဝင် သချိုင်းကုန်း(သုသာန်)နှင့် မနီးမဝေး၌ ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသောကားမှာ စက်ချို့ယွင်းသွားသဖြင့် ထိုနေရာ၌ပင် တစ်ညအိပ်ကြရတော့သည်။

ထိုညက အခြားခရီးသည်များ ကြုံရာကားများကို စောင့်ပြီးလိုက်ကြသော်လည်း ကျွန်ုပ်သည် ခရီးဆက်တိုက်ကြုံရသဖြင့် အတော်လေးပင်ပန်းကာ ဆက်မလိုက်တော့ဘဲ တောင်ငူမြို့ရှိ ကျွန်ုပ်၏အဒေါ်တစ်ဦးထံသို့ ဝင်ရောက်နားခိုရန် ဆုံးဖြတ်လိုက်တော့သည်။

www.burmeseclassic.com

ww.burmeseclassic.com



ထို့ကြောင့် ကျွန်ုပ်သည် မိုးလင်းမှ အဒေါ်ဖြစ်သူအိမ်သို့ သွားရောက်နားခိုရန် ဆုံးဖြတ်ပြီး ထိုညကတော့ တောင်ငူမြို့အဝင် သုသာန်ဇရပ်တစ်ခုမှာပင် စတည်းချခဲ့လေတော့သည်။

ညသည် လပြည့်ညဖြစ်သဖြင့် လောကတစ်ခုလုံး အလင်းရောင်များဖြင့် ရှင်းသန့်ကြည်လင်လှလျက်ရှိ၏။ သို့ရာတွင် ထိုနေရာ ထိုဝန်းကျင်ကား သုသာန်မြေဖြစ်နေသဖြင့် တော်ရုံတန်ရုံလူ အိပ်ဖို့ မပြောနှင့် အနားကပင် ဖြတ်သွားဝံ့ကြမည်မဟုတ်ပေ။ ကျွန်ုပ်အတွက် ကတော့မူ ထိုကိစ္စမျိုး ထိုအတွေ့အကြုံများသည် သိပ်ထူးဆန်းအံ့သြစရာ မဟုတ်သလို ကြောက်လန့်မနေဝံ့စရာများလည်း မဖြစ်ပါချေ။

ထို့ကြောင့် ကျွန်ုပ်ထိုကဲ့သို့ ရွေးချယ်ဆုံးဖြတ်ပြီး သုသာန် ဇရပ်ပေါ်၌ တစ်ယောက်တည်း အိပ်စက်အနားယူခဲ့ခြင်း ဖြစ်တော့၏။

ကျွန်ုပ် ခရီးပန်းထားခြင်းကြောင့် မှေးခနဲ အိပ်ပျော်သွားကာ အတန်ကြာပြီးနောက် ကျွန်ုပ်နံဘေးတွင် လူတစ်ယောက်၏ ပီပီသသ အော်ခေါ်နေသံကို ကြားလိုက်ရသဖြင့် ကျွန်ုပ် ရုတ်တရက် လန့်နိုးကာ အိပ်ရာမှ ချက်ချင်းထကြည့်လိုက်သည့်အခါ ကျွန်ုပ်နှင့်မနီးမဝေးတွင် လူတစ်ယောက်၏ ပုံရိပ်လိုလို လိပ်ပြာတစ်ကောင်လိုလို အရာတစ်ခုကို မသည်းမကွဲ တွေ့ရှိလိုက်ရလေ၏။

ရုတ်တရက်တော့ ကျွန်ုပ် အံ့သြထိတ်လန့်သွားမိသည်။ သို့ရာတွင် မပီဝိုးတဝါး ထိုသဏ္ဍာန်အရိပ်၏ တောင်းဆိုအသနားခံ လာသော စကားများကြောင့် ကျွန်ုပ် နဂိုမူလအတိုင်းပင်ဖြစ်ကာ ၎င်း၏စကားတို့ကို အောက်ပါအတိုင်း နားထောင်ခဲ့လေတော့သည်။

www.burmeseclassic.com

ww.burmeseclassic.com



"ကျွန်တော်ကို ကူညီပေးပါမိတ်ဆွေရယ်၊ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်ဘဝမှာ အတော်လေး ဒုက္ခရောက် နေလို့ပါ။ မိတ်ဆွေမကူညီရင် ကျွန်တော်ဘဝတော့ ဒီတစ်သက်ဆုံးပါပြီ"

ထူးဆန်းသော ထိုပုံရိပ်ထံမှ စကားများကြောင့် ကျွန်ုပ် စိတ်ဝင်တစားဖြစ်သွားမိသလို ၎င်းအတွက်လည်း စိတ်မကောင်း ဖြစ်သွားရသည်။ စိတ်မကောင်းဖြစ်ရခြင်းမှာ တခြားတော့မဟုတ်။ ၎င်းသည် ငိုသံစွက်၍ တောင်းဆိုနေခြင်းကြောင့် ဖြစ်ပါသည်။

"ခင်ဗျားကို ဘာကူညီပေးရမှာလဲ ခင်ဗျားလိုချင်တဲ့ အကူအညီ ကျုပ်တတ်နိုင်တာဆိုရင် ကူညီပေးပါ့မယ်။ ကဲ. . ပြော ခင်ဗျားကို ကျွန်တော် ဘာများ ကူညီပေးရမလဲဆိုတာ"

"ဒီလိုပါမိတ်ဆွေ ကျွန်တော့်ဘဝဟာ အခုမိတ်ဆွေမြင်ရတဲ့ အတိုင်း ပုံရိပ်မပီမသဖြစ်နေတဲ့ ဝိညာဉ်လောကသားတစ်ဦးပါ။ အထူးသဖြင့် ကျွန်တော်ဟာ အခြားဝိညာဉ်လောကသားတွေလို မဟုတ်ဘဲ တွယ်ရာမှီခိုရာမဲ့ ဘဝရောက်နေရပါတယ်"

ထိုပုံရိပ်က စကားကို ခေတ္တဖြတ်လိုက်ပြီး အသံထွက် ငိုရှိုက်လေသည်။ ပြီးမှ စကားကို ပြန်ဆက်၏။

"အခုလို ပုံစံဘဝမျိုးရောက်ရတာကို ကျွန်တော် အစအဆုံး ရှင်းပြမှ မိတ်ဆွေသဘောပေါက်ပါလိမ့်မယ်။ ဒါကြောင့် တဆိတ် သည်းခံပြီးတော့ နားထောင်ပေးပါ။ အဲဒီလိုမှလည်း မိတ်ဆွေနားလည် သဘောပေါက်ပြီး ကျွန်တော့်ကို ကူညီပေးလို့ရမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အကြောင်းကို အစက ပြန်ပြောရရင် ဒီလိုပါမိတ်ဆွေ ကျွန်တော်ဟာ သမ္မာအာဇီဝကျကျ ခွန်အားနဲ့ဝမ်းကြောင်းတဲ့ ပန်းရံဆရာ တစ်ဦးပါ။ ကျွန်တော့်မှာ အသက်လောက်မက မြတ်နိုးရတဲ့ ဇနီး တစ်ယောက်လည်းရှိပါတယ်"

တစ်နေ့မှာပေါ့ မမျှော်လင့်ဘဲ ကျွန်တော်ဟာ နေပူမိုးရွာ မရှောင် အလုပ်ပင်ပန်း ဖိစီးထားတဲ့ဒဏ်တွေကြောင့် အပြင်းဖျားပြီး နှစ်ရက်နဲ့ တစ်ညတိတိ သတိလစ်မေ့မျောခဲ့ပါတယ်။ အဲဒီအချိန်ဟာ ကျွန်တော်ရဲ့ခန္ဓာကိုယ်ကနေ ကျွန်တော့်ဝိညာဉ်ဟာ အပြင်လောကကို ခေတ္တရောက်ရှိခဲ့ရတယ် ဆိုပါတော့။ ကျွန်တော့်ဝိညာဉ်ဟာ ဆွေမျိုး သားချင်းတွေဆီ ပြီးတော့ မိတ်ဆွေအပေါင်းအသင်းတွေဆီ အားလုံးပျံ့နှံ့ အလည်ရောက်ရှိခဲ့လို့ပေါ့"

"အဲဒီလိုနဲ့ လွင့်မျောနေတဲ့ ကျွန်တော့်ဝိညာဉ်ဟာ နှစ်ရက်နဲ့ တစ်ညပြည့်ဖို့အချိန်မှာ ကျွန်တော့်မူလခန္ဓာကိုယ်ထဲ ဝင်ရောက်ဖို့ ပြန်သွားချိန်မှာပဲ၊ ကျွန်တော့်ဘဝတစ်ခုလုံး ကပြောင်းကပြန်ကို ဖြစ်သွား ရတော့တာပါပဲ မိတ်ဆွေရယ်" ဟုပြောပြီး ထိုပုံရိပ်က ရှိုက်ကြီးတငင် ငိုပြန်လေတော့၏။ အတန်ကြာမှ စကားကို ဆက်လေသည်။

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ခန္ဓာကိုယ်ထဲကို တခြား ဝိညာဉ်တစ်ဦးက ဝင်ရောက်ပြီး ကျွန်တော့်ခန္ဓာကိုယ်နဲ့ အသက်ရှင် နေထိုင်နေလို့ပါပဲခင်ဗျား။ မိတ်ဆွေပဲ ဒီကိစ္စကို စဉ်းစားကြည့်ပါဦးဗျာ။ ကျွန်တော်ပိုင်ဆိုင်တဲ့ ခန္ဓာကိုယ်ထဲကို တခြားဝိညာဉ်တစ်ဦး အစားထိုး ဝင်သွားရတဲ့ကိစ္စ ကျွန်တော့်ဘဝမှာ ဒီလောက်ကြီးမားတဲ့ ဆုံးရှုံးမှုမျိုး ရှိဦးတော့မလား"

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်တော့်ခန္ဓာကိုယ်ထဲ အစားထိုးဝင်သွားတဲ့ ဝိညာဉ်ဟာ တခြားသူမဟုတ်ဘဲ ကျွန်တော်ကိုယ်တိုင် အကတ်ပညာနဲ့ ဂူသွင်းပေးခဲ့တဲ့လူဗျ။ ဒီလူဟာ လူ့ဘဝမှာတုန်းက လူကောင်းမဟုတ်ဘူး။ အရက်သောက်၊ ဖဲရိုက်နဲ့ အင်မတန်ဆိုးတေမိုက်မဲတဲ့လူ။ အခုတော့ ကြည့်စမ်း ဒီလူဟာ ကျွန်တော့်ခန္ဓာကိုယ်ထဲ ဝိညာဉ်အစားထိုးဝင်ရောက်ပြီး ကျွန်တော့်အသက်မက မြတ်နိုးလှတဲ့ဇနီးကိုပါ အပိုင်သိမ်းရက်လေတယ်ဗျာ။ ကျွန်တော့်ဇနီးကတော့ ဒီအကြောင်းကို လုံးဝသိရှာပုံမပေါ်ဘူး။ ကျွန်တော့် အမှတ်အထင်နဲ့ပဲ ရှိနေခဲ့တယ်။ ဒီထက်ဆိုးရွားလှတဲ့အဖြစ်က ဒီလူယုတ်မာကြောင့် အခု ကျွန်တော့်ဇနီးမှာ ကိုယ်ဝန်ရှိနေပြီဗျ။ တော်တော်ရက်စက်ယုတ်မာတဲ့လူဗျာ။ ကျွန်တော်ဖြင့် ရင်နာလို့မဆုံးပါဘူး မိတ်ဆွေရယ်"

ထိုပုံရိပ်က မောသွားဟန်နှင့် စကားကို ဖြတ်တောက်လိုက်ပြီး စိတ်မကောင်းဖွယ် ငိုပြန်တော့သည်။ ကျွန်ုပ်လည်း ၎င်းပြောသမျှကို နားထောင်ရင်း အတော်ကလေး စိတ်မကောင်းဖြစ်ရပါသည်။ ကြားရသောစကားနှင့် ကြုံရသောအဖြစ်အပျက်က တကယ့်ကို မယုံကြည်နိုင်စရာလည်း ကောင်းလှပေ၏။ သို့ရာတွင် ကျွန်ုပ် မျက်မှောက်ကြားရ၊ ကြုံရသည့်အဖြစ်အပျက်မို့ မယုံကြည်၍လည်း မရတော့ချေ။ ပြီးတော့ ဘုရား၊ ရဟန်းများ ဟောကြားထားသော တရားဒေသနာတော် အများအပြားတွင် သုံးဆယ့်တစ်ဘုံကျင်လည်ကုန်သော သတ္တဝါများစွာတို့အနက် ဝိညာဉ်လောကသားများ ကျင်လည်ရာသည် အင်မတန်မှ ဆန်းပြားနက်နဲလှသည်ဟူ၍ ရှိပေရာ ထိုကဲ့သို့ ကြုံရသော ဖြစ်ရပ်မျိုးမှာ တကယ်ပင်မှန်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုပုံရိပ်က ငိုရှိုက်နေရင်းတန်းလန်းမှ ဆက်လက်ပြောလာပြန်တော့၏။

"ဒါနဲ့ကျွန်တော်လည်း အဲဒီလူ ညဘက်အိပ်တဲ့အချိန်မှာ အိမ်မက်အမျိုးမျိုးပေးပြီး နေရာဖယ်ပေးဖို့ တောင်းပန်ခဲ့တယ်။ အကြိမ်ကြိမ်ပါပဲ။ ဒါပေမဲ့ ဒီလူ ဒီလိုစကားမျိုး ပြောထွက်လိမ့်မယ်လို့ မထင်မိဘူးဗျာ။ သူဒီနေရာကနေ မဖယ်ပေးပါရစေနဲ့တဲ့။ မကြာခင်အချိန်မှာ သူ့ရင်သွေးလေးကလည်း လူ့လောကထဲရောက်တော့မယ်၊ ကျွန်တော့်ဇနီးကိုလည်း ကျွန်တော်ချစ်သလိုချစ်သတဲ့။ အဲဒါကြောင့် သာယာချမ်းမြေ့နေတဲ့ သူတို့မိသားစုဘဝကလေးကို မဖျက်ဆီးဖို့ ကျွန်တော့်ဆီမှာ ငိုပြီး ပြန်တောင်းပန်တယ်ဗျာ။ မိတ်ဆွေစဉ်းစားကြည့်ပါဦး။ ဒီလိုစကားမျိုးကို ကျွန်တော်ကသာ သူ့ကိုပြောရမှာ။ သူသာ ကျွန်တော့်နေရာကိုလုတဲ့လူ။ ဒါကြောင့် ကျွန်တော်ဟာ ပုံစံမပီတွယ်ရာမဲ့ ဝိညာဉ်ဘဝကို ရောက်နေရတာ။

ဒီလိုနဲ့ ကျွန်တော်လည်း နေ့စဉ်နဲ့အမျှ စိတ်ဆင်းရဲသောကကြုံရပြီး ကြံရာမရတဲ့အဆုံး ကျွန်တော်တို့ ဝိညာဉ်လောကသားတွေနဲ့ အမြဲထိတွေ့ဆက်ဆံမြင်နိုင်တဲ့ သချိုင်းစောင့်ဘိုးဘိုးတစ်ဦးထံမှာ ဒီအကြောင်းကိစ္စအကုန် ဖွင့်ပြောအကြံတောင်းတဲ့အခါမှာ အဲဒီလူ့ရဲ့အုပ်ဂူကိုဖြိုလိုက်ရင် အဲဒီလူ့ရဲ့ဝိညာဉ် အပြင်ကိုပြန်ရောက်ပြီး ကျွန်တော့်ခန္ဓာကိုယ်ထဲ ကျွန်တော့်ဝိညာဉ် ပြန်ဝင်နိုင်မယ်လို့တော့ပြောတယ်။ အဲဒီလူ့ရဲ့အုပ်ဂူကို ရိုးရိုးသာမန်ပစ္စည်းနဲ့ ဖြိုဖျက်လို့မရဘဲ ဘုန်းတန်ခိုးရှိတဲ့ လူတွေကိုင်ဆောင်တဲ့ ပစ္စည်းတစ်ခုခုနဲ့ ဖြိုဖျက်မှ ဒီလူ့ရဲ့ဝိညာဉ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်နိုင်မှာတဲ့။ ဒါကြောင့် ကျွန်တော့်ဘဝကို ကယ်တင်နိုင်မယ့်လူ နေ့စဉ်နှင့်အမျှ စောင့်မျှော်ရင်း အခုလို မိတ်ဆွေမမျှော်လင့်ဘဲ ရောက်လာပြီး မိတ်ဆွေထံမှာပါလာတဲ့ ဓားတစ်လက်ဟာ ဘုန်းတန်ခိုးရှိတဲ့ ပုဂ္ဂိုလ်တွေ ကိုင်ဆောင်တဲ့ ဓားဖြစ်မှန်း ကျွန်တော်သိလိုက်ရတဲ့အတွက် မိတ်ဆွေထံမှာ အခုလို အကူအညီတောင်းရတာပါ”ဟု ရှင်းပြလာသော ထိုပုံရိပ်စကားအဆုံးတွင် ကျွန်ုပ်ဇာတ်ရည်လည်း နားလည်သဘောပေါက်သွားပြီး ချက်ချင်း ဆုံးဖြတ်ချက်ချလိုက်လေတော့၏။

“ဒီကိစ္စဆို ဘာမှမပူပါနဲ့။ ခင်ဗျားကို ကျုပ်ကူညီပါ့မယ်။ ကဲ ကျုပ်ဒီဓားနဲ့ ဖြိုဖျက်ပေးရမယ့် အုပ်ဂူကိုသာပြပေတော့” ဟု ကျွန်ုပ်က ပြောလိုက်လျှင် ထိုပုံရိပ်သည် လွန်စွာဝမ်းပန်းတသာဖြစ်ကာ ကျွန်ုပ်အား အကြိမ်ကြိမ် ကျေးဇူးတင်ကြောင်းပြောရင်း ထိုင်ရှိခိုးလေတော့၏။

ထို့နောက် ကျွန်ုပ်သည် ငှင်းခေါ်ဆောင်ရာနောက်သို့ လိုက်သွားခဲ့၏။ အတန်ကြာ လျှောက်လှမ်းပြီးသောအခါ အနည်းငယ် ဟောင်းစပြုနေသော အုတ်ဂူတစ်လုံးရှေ့တွင် ရပ်လိုက်ပြီးနောက် ၄င်းက“အဲဒီအုတ်ဂူပဲမိတ်ဆွေ” ဟု ညွှန်ပြလေ၏။ ထိုအခါ ကျွန်ုပ်သည် ၄င်းပြောထားသည့်အတိုင်း အုတ်ဂူခေါင်းပိုင်းမှစ၍ အရင်ဖြိုချရန် အတွက် ဓားကို လက်မှကျစ်ကျစ်ပါအောင်ဆုပ်ပြီး အားကုန်ခုတ်ချလိုက်လေတော့၏။

“ချွင်”

“ချလွင်”

အုတ်ဂူနှင့်ဓား ထိခတ်လိုက်သံအဆုံးတွင် ကျွန်ုပ်၏ ဓားသည်လည်း အံ့သြစရာကောင်းလောက်အောင် လက်ထဲမှ လွင့်စင်

www.burmeseclassic.com

ww.burmeseclassic.com



ပျောက်ကွယ်သွားရလေတော့သည်။ မည်သို့သည့်နေရာမျှ အစရှာ၍ မရတော့ချေ။ လွန်စွာမှ ထူးဆန်းလှပေ၏တကား။

"ဟင် . . ဒါဆိုမောင်ထိပ်သီး ကြုံတွေ့မြင်မက်ရတဲ့ အိမ်မက်ဟာ အတော့်ကိုထူးဆန်းတာပါလား"

"ဟုတ်တယ်ဦးလေး။ ကျုပ်တစ်သက်မှာ ဒီလောက်ထူးဆန်းအံ့သြစရာကောင်းတဲ့အိပ်မက်မျိုး တစ်ခါမှမကြုံဖူးတာမို့ ကျုပ်ကိုယ်တိုင်တောင် အဲဒီကိစ္စအတွက် ယနေ့အချိန်အထိ ပြန်အမှတ်ရပြီး စိတ်မကောင်းဖြစ်နေတုန်းပဲဗျာ"ဟု ကျွန်ုပ်က ထိုကိစ္စကိုကြုံတွေ့ပြီး ခြောက်လခန့်အကြာတွင် ကျွန်ုပ်၏ဦးလေးဖြစ်သူ ဦးသီရိအား အကြောင်းစုံ ပြန်ပြောလိုက်ခြင်းဖြစ်ပေ၏။

"ဒါနဲ့နေစမ်းပါဦး၊ ပျောက်ဆုံးသွားတဲ့ အဲဒီဓားကို မောင်ထိပ်သီး လုံးဝရှာမတွေ့တော့ဘူးလား၊ ပြီးတော့ ကိုယ်စားဝင်ထားတဲ့ဝိညာဉ်မိသားစု အဖြစ်အပျက်ကရော အပြင်မှာတကယ်ပဲတွေ့သလား" ဟု မေးလာသဖြင့် ကျွန်ုပ်သည် သက်ပြင်းရှည်လျားစွာ ချလိုက်ပြီး . . .

"အင်း . . ဟုတ်တယ်ဦးလေး၊ ကျွန်တော် အဲဒီတောင်ငူမြို့ အဝင် သုသာန်ဇရပ်ပေါ်မှာ အိပ်ပျော်ပြီး အိပ်မက်မက်တယ်။ အိပ်မက်ထဲက အဖြစ်အပျက်အတိုင်းမက်ပြီး အိပ်မက်က လန့်နိုးလာတဲ့အချိန်မှာ အဲဒီဓား လက်ထဲမှာလုံးဝမရှိတော့ဘဲ ပျောက်ဆုံးသွားတယ်။ ပြီးတော့ အိပ်မက်ထဲက ဝိညာဉ်မိသားစု အဖြစ်အပျက်ကတော့ အပြင်မှာ တကယ်ရှိသလား၊ မရှိသလားဆိုတာလည်း ဘယ်လိုမှ အတပ်မပြောလို့ မရခဲ့ဘူး။ ကျုပ်ခုနပြောသလို စိတ်မကောင်းတာက စိတ်အတွင်းမှာ

www.burmeseclassic.com

ww.burmeseclassic.com



ကျုပ်တို့လိုက်ဂူထဲက မမျှော်လင့်ဘဲရခဲ့တဲ့ဓား။ အဲဒီဓားရဲ့ မူလပိုင်ရှင် ဆန္ဒအတိုင်း မဖြည့်ဆည်းပေးနိုင်ခဲ့တဲ့ အတွက်ကြောင့် ကျုပ်လုံးဝ စိတ်မကောင်းဖြစ်ခဲ့ရတာပဲ ဦးလေး" ဟု ကျွန်ုပ်က စိတ်မကောင်းဟန်ဖြင့် ရှင်းပြပြောဆိုလိုက်လေတော့သတည်း။

**ဝန်ခံချက်** ။ ။ မိတ်ဆွေတစ်ဦး၏ ပြောပြချက်ကို အခြေခံ၍ ရေးဖွဲ့ပါသည်။

ခနှတ်ဟိက်ဆော

www.burmeseclassic.com